မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဟိန့်(ဇ်)ဖစ်ရှာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သူတော်ကောင်းဥစ္စာ တရားခုနစ်ပါး

မြတ်စွာဘုရားသည် သူတော်ကောင်းဥစ္စာ တရားခုနစ်ပါးနှင့်စပ်လျဉ်း၍ သတ္တက နိပါတ်၊ အင်္ဂုတ္တိုရ်သံခိတ္တနေသုတ်တွင် ရဟန်းတို့အား အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်–

(၁) ယုံကြည်မှု **သဒ္ဓါ** ဟူသော ဥစ္စာ
(၂) စောင့်ထိန်းမှု **သီလ** ဟူသော ဥစ္စာ
(၃) မကောင်းသည်ကို ကျူးလွန်ရန် ရှက်တတ်မှု **ဟိရီ** ဟူသော ဥစ္စာ
(၄) မကောင်းသည်ကိုပြုလုပ်ရန် ကြောက်တတ်မှု **ဩတ္တပ္ပ** ဟူသော ဥစ္စာ
(၅) အကြားအမြင်များမှု **သုတ** ဟူသော ဥစ္စာ
(၆) ပေးကမ်းစွန့်ကြဲလှူဒါန်းမှု **စာဂ** ဟူသော ဥစ္စာ
(၇) ကောင်းမှု၊ မကောင်းမှု စသည်တို့ကို အသေးစိတ်သိတတ်သော **ပညာ** ဟူသော ဥစ္စာ။

(သာသနာရေး)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြ



ရန်ကုန် အောက်တိုဘာ ၂၅

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို လုပ်ငန်းကော်မတီဝင်များက အသီးသီးဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

အေးချမ်းသာယာဝပြောသော ကမ္ဘာကြီးဖြစ်ရေး မြန်မာနိုင်ငံက ဆက်လက်ပါဝင် ပူးပေါင်းဆောင်ရွက်သွားမည်

၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော ကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် (၆၁)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လူသားမျိုးနွယ်အားလုံးအတွက် စီးပွားရေးနှင့်လူမှုရေးများ ပိုမိုတိုးတက်ရရှိလာရန် ကြိုးပမ်းဆောင်ရွက် နေမှုကို မြန်မာနိုင်ငံက ထောက်ခံအားပေး ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၀၀ပြည့်နှစ်က ကြေညာခဲ့သည့် ထောင်စုနှစ် ကြေညာချက်တွင် ကမ္ဘာ့ခေါင်းဆောင်များက လူအများ ဆင်းရဲမွဲတေနေမှုမှ လွတ်မြောက်ရေးကို အစွမ်းကုန်ကြိုးစားကြမည်ဟု ကတိပြုခဲ့ကြသည်။ ယင်းကဲ့သို့ နိုင်ငံရေးအရအားပေးမှုနှင့် အာရှတိုက်အချို့ဒေသများ၏ စီးပွားရေး တိုးတက်လာမှုတို့ကြောင့် ကမ္ဘာ့လူဦးရေအတော်များများသည် အနက်ရှိုင်းဆုံးသော ဆင်းရဲတွင်းမှ လွတ်မြောက်လာခဲ့ကြသည်။

နိုင်ငံအများ ဖွံ့ဖြိုးတိုးတက်လာရန်မှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ရန်ပုံငွေအထောက်အပံ့ လုံလောက်စွာ ရရှိရေးတို့လိုအပ်သည်။ ယင်းလုပ်ဆောင်ချက် အသစ်များ ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်သွားနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းထားသည့်အတိုင်း ရောက်ရှိအောင် ကြိုးပမ်းသွားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကို ကိုယ်ပိုင်အရင်းအမြစ်များနှင့်သာ ဆောင်ရွက်နေခြင်းဖြစ်သော်လည်း ဝေးလံသည့်ဒေသများရှိ ပြည်သူများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့အတွက် တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယင်းလုပ်ငန်းများ အောင်မြင်စေရန် ကုလသမဂ္ဂအဖွဲ့အစည်းများထံမှ တန်ဖိုးမဖြတ်နိုင်သည့် အကူအညီများ ရရှိခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် (၆၁)နှစ်တာ ကာလအတွင်း ပြောင်းလဲမှုများ၊ အသစ်အသစ်သော ဖြစ်ရပ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်ပယ်စုံ တွင် တာဝန်သစ်အများအပြားကို ထမ်းဆောင်နိုင်လျက်ရှိသည်။ လုပ်ငန်းများ ပေါက်မြောက်အောင်မြင်ရေး အတွက် အဖွဲ့ဝင်နိုင်ငံများက ဆက်လက်ပါဝင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသော ကမ္ဘာကြီးဖြစ်လာစေရန် ကုလသမဂ္ဂအဖွဲ့ကြီး၏ ကြိုးပမ်းဆောင်ရွက်မှုတွင် ဆက်လက်ပါဝင် ပူးပေါင်းဆောင်ရွက်သွားမည်သာ ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆–၁၀–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရုပ်မြင်သံကြားဇာတ်လမ်း **“သားကောင်းမိခင်”** (ဇာတ်သိမ်းပိုင်း)
(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း
လွင်မိုး၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ ပန်းဖြူ၊သက်မွန်မြင့်၊
ဒါရိုက်တာ–အကယ်ဒမီပန်းချီစိုးမိုး
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း–၄)

တိုကျိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဖွင့်လှစ်

တိုကျို အောက်တိုဘာ ၂၅

(၁၉)ကြိမ်မြောက် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၂၁ရက်တွင် ရော့ပွန်းဂီတောင်ကုန်းဥ္ဒကျင်းပရာ ရုပ်ရှင်သရုပ်ဆောင် ၃၀၀နှင့် ဒါရိုက်တာများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

တိုကျိုဆာကူရာ ဂရင်းဖရစ်(ခ်)နှင့် အခြားဆုများအတွက် တစ်ကမ္ဘာလုံးမှ ရုပ်ရှင် ၁၅ကား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ထိုရုပ်ရှင်ကားတွင် တရုတ်ရုပ်ရှင်ဇာတ်ကားသုံးကား ပါဝင်သည်။

နိုင်ငံတကာ ဂျူရီအကြီးအကဲ ပြင်သစ်ဒါရိုက်တာ ဂျိန်းဗီအာရီ ဂျူးနက်က ဆုရရှိသူများကို ရွေးချယ်ပေးမည်ဖြစ်ပြီး ရုပ်ရှင်ပွဲတော် နောက်ဆုံးနေ့တွင် ဆုရရှိသူများကို ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမြို့တော်တည်ရှိရာနေရာများ၊ ဘွန်ကာမူရာနှင့် ရှီဘူရာ ဒေသရှိ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပွဲတော်ကျင်းပစဉ်အတွင်း အောက်တိုဘာ ၂၉ရက်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀၀ ကျော် ပြသမည်ဖြစ်သည်။

ထိုပွဲတော်တွင် ဂျပန်ဆာမူရိုင်း ရုပ်ရှင်ထုတ်လုပ်ရေးက ၁၉၂၈–၁၉၆၂ ခုနှစ်မှ ရုပ်ရှင်ဇာတ်ကားများကိုလည်းပါဝင်ပြသခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်ရာမြောက် ကျောက်စိမ်းပန်းပုပြပွဲ တရုတ်နိုင်ငံ ဟန်ကျိုမြို့တွင် ကျင်းပ

ပေကျင်း အောက်တိုဘာ ၂၅

တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်ကျိုမြို့တွင် နိုင်ငံတကာကုန်သွယ်ရေးဗဟို၌ ထွင်းထုပြသထားသော ကျောက်စိမ်းပန်းပုလက်ရာများကို အောက်တိုဘာ ၂၃ ရက်က တွေ့ရခြင်းဖြစ်သည်။ (အောက်ပုံ)

ခင်းကျင်းပြသ

အဆိုပါကျောက်စိမ်းပန်းပုပြပွဲသို့ တရုတ်လက်မှုအနုပညာရှင် ၂၀၀၏ လက်ရာမြောက် ကျောက်စိမ်းပန်းပုရုပ်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

လူကြိုက်များ

ကျောက်စိမ်းပန်းပု လက်ရာဆန်းများ ထွင်းထုသည့် အနုပညာ လုပ်ငန်းသည် တရုတ်နိုင်ငံ၌ လူကြိုက်များလာကြောင်း သိရသည်။ **(အင်တာနက်)**

မစ်ဆူဘီရှီမှ စက်ရုပ်များ ကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုနိုင်

တိုကျို အောက်တိုဘာ ၂၅

ဂျပန်နိုင်ငံ မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းလီမိတက်သည် အောက်တိုဘာ ၂၀ ရက်က ကယ်ဆယ်ရေး စက်ရုပ်တစ်ရုပ်ကို ထုတ်ဖော်ပြသခဲ့သည်။

သယ်ဆောင်နိုင်

နိုင်ငံအများအပြားတွင် မြေငလျင်ဒဏ်နှင့် အကြမ်းဖက် တိုက်ခိုက်ခြင်းကို ကာကွယ်ရန် ပိုမိုကောင်းမွန်သော နည်းလမ်းများ ရှာဖွေနေသကဲ့သို့ ကယ်ဆယ်ရေး စက်ရုပ်သည်လည်း အဆောက်အအုံပျက်များအောက်ရှိ ဒုက္ခသည်များကိုရှာဖွေနိုင်သည်။ အဆိပ်ဓာတ်ငွေ့ရှာဖွေရန်အတွက် ပစ္စည်းကိရိယာများကိုလည်း သယ်ဆောင်နိုင်သည်။

အသုံးပြုနိုင်

မစ်ဆူဘီရှီစက်ရုံ၏ အမှုဆောင်အရာရှိက သတင်းစာရှင်းလင်းပွဲတွင် ၁၉၉၅ ခုနှစ်က တိုကျို မြေအောက်ရထားလမ်းတွင် ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုကြောင့်လူ ၁၂ ဦး သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ဝေဒနာခံစားရကြောင်း၊ ကယ်ဆယ်ရေး စက်ရုပ်သည် ထိုကဲ့သို့လူသားများ၏ အမျိုးမျိုးတွေ့ကြုံရသော ဒုက္ခများကို ကယ်တင်ရန် အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

မျှော်လင့်

ဂျပန်နိုင်ငံ၏ အကြီးဆုံးစက်မှုလုပ်ငန်းမှထုတ်လုပ်သည့် မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းသည် မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ကာကွယ်ရေး အေဂျင်စီတို့မှ ၎င်းစက်ရုပ်များကို ဝယ်ယူလိမ့်မည်ဟု မျှော်လင့်သည်။

အမ်အင်အေ၊ဆင်ဟွာ

■ ရှေ့ဖုံးမှ

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေး ပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန် လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုက်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၀ တို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရှိ၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ရှင်းလင်းပြောကြား

အစီအစဉ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှုများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တ ရပ်နားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အခမ်းအနားမှူး အဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

[အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်ဖတ်ကြား

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဆက်လက် ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှု များချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒေါက်တာထွန်းရှင်က ဆက်လက် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်းက ဆက်လက် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

[အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒေါက်တာထွန်းရှင်နှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်းတို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။]

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည် မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၅

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၌ ပုရိမဝါမှ ထတော်မူကြကုန်သော ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တ ကောဝိဒ အမှူးရှိသော သံဃာတော်များနှင့် ပင့်သံဃာအရှင်မြတ် အပါး ၉၀ တို့အား စုပေါင်းမဟာဘုံကထိန်လျာ သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်) အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဒါယကာ၊ ဒါယိကာမများကိုယ်တိုင် ကပ်လှူနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကောဒသမမြောက်နေ့ ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံ ပါဝင်ဆင်နွှဲနိုင်သည့် ပြည်ထောင်စုပွဲတော်ကြီးသဖွယ် အဆင့်မြင့်မြင့် ခမ်းနားထည်ဝါစွာ ကျင်းပပေးလျက်ရှိသည့်အပြင် ယှဉ်ပြိုင်ကြသည့် တောင်ပေါ်၊ မြေပြန့်နေ တိုင်းရင်းသားသွေးချင်း ညီနောင်အချင်းချင်း ပွဲတော်ကြီး၌ ဆုံတွေ့ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ကြိုးပမ်းယှဉ်ပြိုင်ကြလျက် တူညီသည့် စိတ်ဓာတ်၊ ညီမျှသည့် စိတ်ထား၊ ညီညွတ်သောရပ်တည်မှုများဖြစ်ထွန်းလာပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ် သမိုင်းအစဉ်အလာ ကောင်းမြတ်ခိုင်ခံ့သည့် အမျိုးသားရေးစရိုက်လက္ခဏာ အမျိုးသားရေးယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့် လူမှုဘဝတန်ဖိုးများကို အနာဂတ်တွင်လည်း ဆက်လက်ဖြစ်ထွန်းစေရန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပလျက်ရှိရာ ယနေ့တွင် ကောဒသမမြောက်နေ့အဖြစ် ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်၌ ဆက်လက်ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဇော်၊ ဘီလူး၊ မင်းသား၊ အက၊ ရုပ်သေး၊ ပြိုင်ပွဲကိုရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း၊ (ပတ္တလား) အတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ လည်းကောင်း၊ (စောင်း) အတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ လည်းကောင်း၊ (မယ်ဒလင်)အတီးပြိုင်ပွဲကို သစ်တောသုတေသန စုဝေးခန်းမ၌ လည်းကောင်း၊ (ဆိုင်းအဖွဲ့လိုက်) အတီးပြိုင်ပွဲကိုစိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း အသီးသီးကျင်းပကြသည်။

ရုပ်သေး ပြိုင်ပွဲ

ဝါသနာရှင် အဆင့် (ဒုတိယတန်း) အမျိုးသမီး ရုပ်သေးပြိုင်ပွဲတွင် မွန်ပြည် နယ် မှ မနှင်းဝတ်ရည်ခင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပရာသို့ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုလေ့လာရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်အနီး ဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကိုချစ်မြတ်နိုးကြသောပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဇော်၊ ဘီလူး၊ မင်းသားအက ရုပ်သေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ကျင်းပသည်။

ရုပ်သေးပြိုင်ပွဲ

အကပြိုင်ပွဲ၏နောက်ဆုံးနေ့ပွဲစဉ်ဖြစ်သည့် ‘ဇော်၊ ဘီလူး၊ မင်းသား အက’ ရုပ်သေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား/အမျိုးသမီး၌ ရန်ကုန်တိုင်းမှ မသန္တာဌေး၊ မွန် ပြည်နယ်မှ မနှင်းဝတ်ရည်ခင်၊ မကွေးတိုင်းမှ မသန္တာမြင့်၊ မန္တလေးတိုင်းမှ ဦးရန်လင်းအောင်၊ ရခိုင်ပြည်နယ်မှ မောင်ရဲညီညီ၊ ရန်ကုန်တိုင်းမှ မောင်အောင်ကိုလတ်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ဇာဇာလှိုင်နှင့် ဧရာဝတီတိုင်းမှ ဒေါ်မိုးမြင့်သူတို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

အလားတူ(၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ "ဆဒ္ဒန်အိုင်သာ"သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးဝင်းထွဋ်၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းဇော်ထွန်း၊ ရန်ကုန်တိုင်းမှ ဦးမင်းကို၊ မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦးနှင့် ဦးကျော်မိုးနိုင်၊ ကချင်ပြည်နယ်မှ ဦးဘထူး၊ ရှမ်းပြည်နယ်မှ ဦးဌေးနိုင်၊ ရန်ကုန်တိုင်းမှ ဦးအောင်စည်မိုး(ခ)သက်ခိုင်၊ ပဲခူးတိုင်းမှ ဦးခင်ရီ(ခ)စိန်ကျော်လင်း၊ မွန်ပြည်နယ်မှ မြန်မာပြည်ချစ်မိုးလှို၊ ကယားပြည်နယ်မှ မောင်အောင်ဆန်းနိုင်နှင့် မကွေးတိုင်းမှ ဦးလှကြည်တို့က တီးခတ်ပြိုင်ပွဲကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "နှစ်ကိုယ်သစ္စာ"(ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်း၊ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ကချင်ပြည်နယ်မှ မဝင်းမြတ်ကြည်နှင့် ရန်ကုန်တိုင်းမှ မရတနာလင်းတို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကိုကျင်းပရာ "လူမနော" (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်၊ မန္တလေးတိုင်းမှ မလွင်မီထွန်း၊ စစ်ကိုင်းတိုင်းမှ မအောင်ဖိုလ်မ၊ ရန်ကုန်တိုင်းမှ မအိအိမွန်၊ ရခိုင်ပြည်နယ်မှ မနှင်းရည်ဝင်း၊ ဧရာဝတီတိုင်းမှ မအေးစုမာနှင့် မန္တလေးတိုင်းမှ မသန္တာဌေး(ခ)မခင်သန္တာနွယ်တို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

စောင်းအတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီကရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲကို စတင်ကျင်းပရာ "နှင်းယွန်းဂိမှန်"(မွန်) သီချင်းဖြင့်မန္တလေးတိုင်းမှ ဦးစိန်အောင်ဖိုလ်၊ မွန်ပြည်နယ်မှ ဦးချမ်းသာ၊ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်နှင့် ဧရာဝတီတိုင်းမှ ဦးညီညီအောင်တို့ ပါဝင်တီးခတ် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ"သာဆန်းရဂုံဇွေ" (ပတ်ပျိုး) သီချင်းဖြင့် တနင်္သာရီတိုင်းမှ ဒေါ်လွင်မာသိန်း၊ မန္တလေးတိုင်းမှ ဒေါ်ဇာဇာအေးနှင့် မွန်ပြည်နယ်မှ ဒေါ်ပြုံးမြမြကြည်တို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ဂန္ဓမာရိပ်သာ" (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်သန်းထွန်းအောင်၊ ဧရာဝတီတိုင်းမှမောင်ရဲဝင်းသန်းနှင့်မန္တလေးတိုင်းမှ မောင်သော်ဇင်ဝင်းတို့ကတီးခတ်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် အမျိုးသမီးပတ္တလား အတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဝင်းမြတ်ကြည် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ယင်းနောက် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ဟောဝန်မြိုင်လမ်း" (ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ မသန္တာဌေး(ခ) မခင်သန္တာနွယ်နှင့် မနန္ဒာအေး(ခ) မခင်နန္ဒာနွယ်၊ ဧရာဝတီတိုင်းမှ မခင်အေးချို၊ ရန်ကုန်တိုင်းမှ မသင်းစုလွင်နှင့် မထက်ထက်မော်၊ ပဲခူးတိုင်းမှ မချိုဇင်ထွန်းတို့ ပါဝင်တီးခတ် ပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီက ရေဆင်း သစ်တောသုတေသနဌာန၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲကိုကျင်းပရာတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား)မယ်ဒလင် အတီးပြိုင်ပွဲ၌ "ဟောဝန်မြိုင်လမ်း" (ယိုးဒယား)သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်၊ရန်ကုန်တိုင်းမှ မောင်မိုးနိုင်အောင်၊ ဧရာဝတီတိုင်းမှ မော်သန့်ဇင်နှင့် ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဦးတို့က ပြိုင်ပွဲဝင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင်"ဟောဝန်မြိုင်လမ်း"(ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ မဝင်းသီဂီကျော်နှင့် ရန်ကုန်တိုင်းမှ မရူပါအောင်လွင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "တောဟောဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ မကွေးတိုင်းမှ ဦးတင်မောင်ဌေး၊ မန္တလေးတိုင်းမှ ဦးစိန်မောင်၊ ဧရာဝတီတိုင်းမှ ဦးစိုးမောင်(ခ) ဦးဉာဏ်ဝင်းမောင်၊ မန္တလေးတိုင်းမှ ဦးအေးသန့်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်၊ ရန်ကုန်တိုင်းမှ ဦးတင်ဝင်းနှင့် ပဲခူးတိုင်းမှ ဦးမင်းဇော်တို့က ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသမီး)မယ်ဒလင် အတီးပြိုင်ပွဲတွင် "ရိရိဆိုင်းဆိုင်း"(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အမျိုးသမီး (ဆိုင်းအဖွဲ့လိုက်)အတီးပြိုင်ပွဲကို နံနက် ၉နာရီက စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး(ဆိုင်းအဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မစပယ်ဖွေးအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်းနှင့် အဖွဲ့တို့က ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသမီး (ဆိုင်းအဖွဲ့လိုက်) အတီးပြိုင်ပွဲကို ကျင်းပရာ ဧရာဝတီတိုင်းမှ ဒေါ်လှလှခိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဒို့ဗိုလ်မ(ခ) မိုးသူ ဇာအေးအဖွဲ့နှင့် မန္တလေးတိုင်းမှ ဒေါ်ညိုညိုစိမ့်နှင့်အဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး (ဆိုင်းအဖွဲ့လိုက်)အတီးပြိုင်ပွဲကို မွန်းလွဲ ၂နာရီတွင် ဆက်လက် ကျင်းပရာ ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှမပိုးအိစံအဖွဲ့နှင့် မန္တလေးတိုင်းမှ မဖြူဖွေးသန့် အဖွဲ့တို့က ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို အောက်တိုဘာ ၂၆ရက်**(ယနေ့)**တွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဗိုလ်ချုပ်ဆန်းဆင့်နှင့်ဇနီးဒေါ်ခင်မလေးမိသားစု ဗဟိုအကဲဖြတ်ဒိုင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်များအား လက်ဆောင်ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်နှင့်ဇနီးဒေါ်ခင်မလေးမိသားစုတို့သည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတာဝန်ကို တာဝန်ယူ ဆောင်ရွက်ခဲ့ကြသော ဗဟိုအကဲဖြတ်ဒိုင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၏ ဇနီး ဒေါ်ခင်မလေးက အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဗဟိုအကဲဖြတ်ဒိုင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ဒိုင်များအတွက် အမှတ်တရ လက်ဆောင် ပစ္စည်းခြင်းများကို ပေးအပ်သည်။

ထို့နောက် ဒေါ်ခင်မလေးက ဗဟိုအကဲဖြတ်ဒိုင်များနှင့် ပြည်နယ်နှင့်တိုင်းများမှအကဲဖြတ်ဒိုင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများကို တစ်ဦးချင်း လိုက်လံပေးအပ်သည်။ **(သတင်းစဉ်)**

ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် အောက်တိုဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထား၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသား သံဃာတော်အပါး ၁၅၀ တို့အား ပြန်ကြားရေး ဝန်ကြီးဌာနကဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၏ သုတ္တန္တပိဋက မဟာဌာန ပါမောက္ခ ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၂၅၀၀၀၀ ကို မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပေးအပ်လှူဒါန်းရာသာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အောင်ကြည်က လက်ခံသည်။

ဆက်ကပ်

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။ **(သတင်းစဉ်)**

ပါဠိကာရီပရိယတ္တိစာသင်တိုက် စုပေါင်းမဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီပရိယတ္တိ စာသင်တိုက်တွင် ဗုဒ္ဓမြတ်စွာ ဝိနည်းဒေသနာတော်အရ ပုရိမဝါမှထတော်မူကြသော ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ အင်္ဂိသပါဠိကာရီ ဆရာတော်အား အမှူးထား၍ သံဃာတော်အရှင်မြတ်တို့အား ဥတ်သင်္ကန်းနှင့် အာနိသင်သင်္ကန်း စသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းကြမည်ဖြစ်သော မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးအမှူးထားပြီး သာကေတသဘော်ဆေးစက်ရုံ၊ အနော်မာ၊ ထူပါရုံ၊ တိုးချဲ့ လေးထောင့် ကန်စက်မှုဇုန်တို့မှ ဒါယကာ ဒါယိကာမများ၊ သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်အောင်မြင် ဓမ္မာရုံ အကျိုးတော်ဆောင်များ ဦးစီး ကမကထပြု၍ လမ်းအသီးသီးမှ ဒါယကာ ဒါယိကာမများက တတ်အားသမျှ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ပဒေသာပင်မြောက်မြားစွာဖြင့် တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၄ ရက်)တွင် လှူဒါန်းကြမည်ဟုသိရသည်။ **(က-ပ)**

စတုဘုမ္မိက တရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၅

ပြင်ဦးလွင်ဆရာတော် ဘဒ္ဒန္တဝိဇယ (သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ပြည်သာယာဆရာတော် ဘဒ္ဒန္တကုမာရ(သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)တို့က ကျေးဇူးရှင်ရွှေမင်းဝံ ငှက်တွင်းဆရာတော် ဥပနိဿယ အတိုင်း တရားစခန်းများကို နိုဝင်ဘာ ၉ရက်မှ ၁၅ ရက်အထိ မန္တလေးမြို့ နဂါးဒေါ်ဦး စတုဘုမ္မိကမဂ္ဂင်ရိပ်သာနှင့် နိုဝင်ဘာ၁၉ရက်မှ၂၅ရက်အထိ ရွှေဘိုမြို့ စတုဘုမ္မိကကျောင်းတိုက်တို့၌ ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများတစ်ရက်ကြိုတင်၍ တရားစခန်းဝင်ကြရမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

“သဒ္ဓါသုမနဇာတ်တော်ကြီး” ရုပ်သေးပြိုင်ပွဲ နောက်ဆုံးနေ့တင်ဆက် ရောဝတီတိုင်းမှ “ရောလှိုင်းရုပ်စုံ”သဘင် ပါဝင်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၅

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “သဒ္ဓါသုမနဇာတ်တော်ကြီး” ရုပ်သေးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ နောက်ဆုံးနေ့အဖြစ် ရောဝတီတိုင်းမှ “ရောလှိုင်းရုပ်စုံ”သဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်သည်။

ကြည့်ရှုအားပေး

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း**(အပေါ်ပုံ)**၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်အောင် ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦး၊နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်သို့ လေ့လာရေးရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ ယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှ မိသားစုများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ ယှဉ်ပြိုင်တင်ဆက်ရာတွင် ဇာတ်ညွှန်း ဦးကိုကိုကြီး(ဟသ်ာတ)၊ ဒါရိုက်တာ ဦးခင်ဝင်း(ဟသ်ာတ) ဆိုဂို၊ ပြောနှင့် ကြိုးဆွဲပညာရှင်များဖြစ်ကြသော ဂျာမနီပြန် ဦးစိုးမြင့်၊ ဒေါ်ငြိမ်း၊ ဒေါ်ခိုင်ဝေလွင်၊ ဦးလှသောင်း၊ ဦးရဲကျော်၊ ဦးဇော်ဝင်းမြင့်၊ ဦးသန်းဝင်း၊ ဦးပေါက်ကျော်၊ ရွှေမန်း အောင်စိုးမင်း၊ ရွှေမန်းကျော်သန်း၊ ဦးမြဝင်း၊ ဒေါ်ခင်ထွေးကြည်နှင့် ဦးခင်ဝင်းတို့က ဦးစိန်ကျော်လွင် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက် ယှဉ်ပြိုင်ကြသည်။

သဒ္ဓါသုမန ဇာတ်တော်ကြီးက ကောင်းသော အကျင့်စရိုက်ကိုယူ၍ သဒ္ဓါတရားတိုးပွားမှု၊ ကိုးကွယ် ဆည်းကပ်မှုဆိုင်ရာ လောကတရား၌ အမှားနှင့်အမှန်ကို ခွဲခြားဆုံးဖြတ် သိမြင်မှုနှင့်လူ့သဘာဝ စရိုက်ကို သိမြင်၍ ဆင်ခြင်တုံတရားဖြင့် ခွဲခြားဆုံးဖြတ်တတ်မှုတို့ကို သိရှိနိုင်ရန် ရည်ရွယ်၍ ကပြဖျော်ဖြေ တင်ဆက်ခြင်းဖြစ်သည်။

(သတင်းစဉ်)

ရွှေကျီးညို ပဲခူးမြအလွမ်းပြေ

- ❏ ရွှေကျီးညို ပဲခူးမြ၊ ဟိုရှေးကကျော်သေး။
ခုအခါ၊ အနုပညာအမွေစစ်ကို ဖော်လှစ်မယ်လေး။ ။
- ❏ သမ္မာအယူ၊ သဒ္ဓါဖြူ မယ်သုမန
တုပ ကြလေး။ ။
- ❏ တိတ္တိအယူ၊ စိတ်ရှိသူ စူဠသောန
ဝေးက ရှောင်လေး။ ။
- ❏ စေတနာမှန်၊ ဝတ်ံယံမိုးသိကြား
ထင်ရှားမသေး။ ။
- ❏ အရုပ်ကလေးတွေပျော်၊ သရုပ်တေးသီခါဖော်လို့
နေပြည်တော်‘ဆို၊က’ပွဲမှာ၊ နွဲကြမယ်လေး။ ။
- ❏ ခုအမှန်၊ လူ့သဏ္ဍာန် အရုပ်ကပြောမယ်။
စောကြွခဲ့လေး။ ။

[(၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကိုဂုဏ်ပြုလျက်-]

ရွှေကူနန်းနွဲ့နွဲ့(မဟာဂီတ)

မင်္ဂလာဒုံ ရွှေမင်းဝံတောရကမ္မဋ္ဌာန်းကျောင်းတိုက် မြောက်ဥက္ကလာပ ဓမ္မမေဒိနီစာသင်တိုက်နှင့်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စုပေါင်းကထိန်သင်္ကန်းများကပ်လှူကြမည်

ရန်ကုန် အောက်တိုဘာ ၂၅

မင်္ဂလာဒုံ ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် မြောက်ဥက္ကလာပ မြို့နယ် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်တို့၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ တပည့်ဒါယကာဒါယိကာမအပေါင်းတို့သည် ရွှေမင်းဝံတောရ ဝါဆိုသံဃာအပါး ၄၀ကျော်၊ မြောက်ဥက္ကလာပ ဓမ္မမေဒိနီ စာသင်တိုက် ဝါဆိုသံဃာအပါး ၂၀နှင့် ကရင်၊ ပအိုဝ်း၊ ရှမ်း၊ ပလောင်၊ ပဒေါင်၊ ‘ဝ’၊ မြန်မာစသော တိုင်းရင်းသား သာမဏေ၁၆၅ပါးတို့အား စုပေါင်း၍ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အောက်တိုဘာ ၂၉ရက်တွင်လည်းကောင်း၊ မြောက်ဥက္ကလာပ ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်တွင် နိုဝင်ဘာ ၄ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ကျောင်းဂေါပကအဖွဲ့က ကထိန်သင်္ကန်းများကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားသည့်အပြင် မိမိတို့အစီအစဉ်ဖြင့်လှူဒါန်းနိုင်ပြီး ကထိန်အနုမောဒနာ တရားတော်ကို မွန်းလွဲ၁နာရီတွင် နာကြားရမည်ဖြစ်သည်။

ထို့အပြင် ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းလိုသူများအနေဖြင့် ကျောင်းဂေါပကအဖွဲ့ ဖုန်း-၀၉-၅၀-၁၁၂၇၉၊ ၆၉၉၁၆၃ နှင့် ၆၃၈၀၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း သြစတြီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ရက်တွင် ကျရောက်သော သြစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ သြစတြီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာဆူလာ၊ ပလာ့(စ်)နစ်(ခ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၀-၂၀၀၆ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let’ Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အထူးပြုများအားလုံး) [အင်္ဂလိပ်စာ]
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၂၅ ၇။ **“သတိနဲ့ယှဉ် အသိနဲ့ပြင်”** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာ ခင်၊ ပြည့်ဖူးခိုင်၊ ဟန်နီထွန်း၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၇:၃၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၂၅ ၁၂။ သီရိဂေဟာ
- ၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်နတ်သမီး”**(အပိုင်း-၁၂)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေးပထမချစ်ပုံပြင်”** (အပိုင်း-၁၁)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ရှာရန်ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကျောက်စိမ်းအတွဲများဆက်လက်ရောင်းချ ပြည်တွင်းပြည်ပရတနာကုန်သည်များဝယ်ယူ

ရန်ကုန် အောက်တိုဘာ ၂၅

၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တတိယနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ရောင်းချသည်။

ရောင်းချခဲ့

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသောကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၄နာရီ မိနစ်၂၀မှ ညနေ၅နာရီအထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း၇၅တွဲကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့ထဲပင် ကျောက်စိမ်းအတွဲ ၉၁၈ တွဲကို ရောင်းချခဲ့ရသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ယနေ့နံနက်၈နာရီမှ ညနေ ၄နာရီ မိနစ်၂၀အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၅၇၈တွဲ ရောင်းချခဲ့ရသည်။ ညပိုင်းတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချလျက်ရှိသည်။

ဝယ်ယူ

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၂နိုင်ငံမှ ရတနာကုန်သည် ၁၈၆၆ဦးနှင့် ပြည်တွင်း နိုင်ငံသားရတနာကုန်သည် ၁၃၃၁ ဦး စုစုပေါင်းရတနာကုန်သည် ၃၁၉၇ဦး တို့ တက်ရောက်၍ ဝယ်ယူလျက်ရှိကြသည်။

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို အောက်တိုဘာ၂၆ရက်တွင် ဈေးပြိုင်စနစ်ဖြင့် စတုတ္ထနေ့ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် အောက်တိုဘာလအတွက်နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၉-၁၀-၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် နိုဝင်ဘာလအတွက်

(၁၂-၁၁-၂၀၀၆)ရက်နေ့

နှင့်

(၂၆-၁၁-၂၀၀၆)ရက်နေ့

NLD ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်းမရှိ ဒီပဲယင်းမြို့နယ် NLD ပါတီဝင် ဦးမောင်ကြီးနုတ်ထွက်

ရန်ကုန် အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စည်းရုံးရေးမှူးတစ်ဦးဖြစ်သည့် ညောင်လှကျေးရွာမှ ဦးမောင်ကြီးသည် ဇူလိုင် ၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်း၏ ဆန္ဒအလျောက်နုတ်ထွက်လွှာကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာကို ပေးပို့နုတ်ထွက်ခဲ့သည်။

ဒီပဲယင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော အဆိုပါ ဦးမောင်ကြီး၏နုတ်ထွက်လွှာတွင် ၎င်းသည် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်းမရှိသည့်အတွက် ၎င်း၏သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိရန် ထုတ်ပြန်ရမည်

● ကျောဖုံးမှ

အကြံပြုချက်များကို တင်ပြခဲ့ကြပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့ အချို့က တင်ပြထားတဲ့ အကြံပြုချက်အချို့ဟာဆိုရင် နိုင်ငံတော်နဲ့ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်များ ဖြစ်တဲ့အတွက် အဲဒီအကြံပြုချက်များနဲ့ စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို သဘာပတိအဖွဲ့ဝင်များမှ တစ်ဆင့် ရယူခဲ့ပါတယ်။

အဲဒီနောက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းနဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ်များရဲ့ အကြံပြုချက်တွေကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက အသေးစိတ် လေ့လာခဲ့ပါတယ်။ အဲဒီလိုလေ့လာပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ပြည့်စုံရှင်းလင်းစွာဖြင့် ပြုစုထားတဲ့ ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သို့ တင်ပြခဲ့ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က အသေးစိတ် လေ့လာပြီး အတည်ပြုခဲ့ပါတယ်။ အဲဒီလို အတည်ပြုခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်မယ့် အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပြုရေးအခန်းမှာပါဝင်ရမယ့် ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။
ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော် နာယက က ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက က တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–
(က) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဈ) ပြည်ထောင်စုလွှတ်တော်နာယက က ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယက က ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော် သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံကတောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော် နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။
(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်း ကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင်အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲ မပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက် ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စု လွှတ်တော် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေး တွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် “ပြည်ထောင်စုဥပဒေပြုစာရင်း” တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။
(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်တင်သွင်းသည့်ဥပဒေကြမ်းကို လွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့် အခါ–
(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့်စည်းကမ်း ဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။
(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။
(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။
(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ် (ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–
(က) နိုင်ငံတော်သမ္မတကတင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။
(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်း ဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–
(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ ဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။
(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။
(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် အခါ–
(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြု မပြု ဆုံးဖြတ်ရမည်၊
(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့်ဆက်လက် အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည်၊
(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများသည် “ပြည်ထောင်စု ဥပဒေပြုစာရင်း” တွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို

စာမျက်နှာ ၇ ကော်လံ ၁

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာ လွှတ်တော်သို့ အကြောင်းကြားရမည်။

စာမျက်နှာ ၆ မှ

သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်။

၁၈။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ် လေ့လာစိစစ်ရန်လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန်သတ်မှတ်ထားသည့် ကာလအတွင်း မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၁။ (က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်ကိုလက်မခံဘဲ မူလအတိုင်း အတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုးခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကိုကိုယ်စားပြုသော အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ ဆွေးနွေးဆုံးဖြတ်ရမည်

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၆။ (က) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ပြည်ထောင်စု လွှတ်တော်နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော် နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ”

လို့ အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ အချက်များကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့နဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့
- ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
- မြို(ခါ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
- လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
- ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
- ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
- ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ

တို့က ဆွေးနွေးတင်ပြ သွားတာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သီးခြားအကြံပြုတင်ပြချက်များကိုလဲ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်းများစွာ တစ်ဆက်တည်းပျက်ကွက်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနဲ့ စပ်လျဉ်းပြီး–

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ”ဟု ပါရှိပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ မှန်မှန်တက်ရောက် တာဝန်ထမ်းဆောင်ရန် တာဝန်ရှိသကဲ့သို့ မလွှဲမရှောင်သာသည့်အကြောင်းများကြောင့် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက သက်ဆိုင်ရာလွှတ်တော် နာယကထံ ခွင့်ပန်ကြားရန် လိုအပ်သည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတစ်ဝန်း ဒေသသီးသီး၌ နေထိုင်လျက်ရှိနေကြပါသည်။ ဆက်သွယ်ရေးစနစ်များ အလွန်တိုးတက်ကောင်းမွန်နေသည့် ခေတ်ကြီးဖြစ်သော်လည်း ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝအတားအဆီးများနှင့် အခြားမမျှော်မှန်းနိုင်သည့် အကြောင်းများနှင့် တွေ့ကြုံနေရပါက သက်ဆိုင်ရာ လွှတ်တော်၏ ခွင့်ပြုချက်ရယူရန် သတ်မှတ်ခွင့်ပြုထားသည့် ၁၅ ရက်အတွင်း အချိန်မီဆောင်ရွက်ရန် အခက်အခဲ ရှိနိုင်ပါသည်။

မိမိ၏ပယောဂကြောင့် မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်များကြောင့် သတ်မှတ်ကာလအတွင်း အချိန်မီ ခွင့်ပြုချက်မရယူနိုင်မှုကြောင့်အရေးယူခံရမည်ဆိုပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အတွက်သာမက နိုင်ငံတော်အတွက်ရော မဲဆန္ဒရှင် ပြည်သူများအတွက်ပါ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ သို့ဖြစ်၍ ခွင့်ပန်ကြားရန် အချိန်ကာလ သတ်မှတ်ချက်ကို ၁၅ ရက်အစား ရက်ပေါင်း ၃၀ အထိ တိုးမြှင့်ရေးကို စဉ်းစားသင့်ပါကြောင်း” အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်ဟာ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် တစ်ဆက်တည်း ပျက်ကွက်တဲ့ရက်ကိုသာ ဆိုလိုခြင်းဖြစ်ပါတယ်။ ခွင့်ပန်ကြားရန် အချိန်ကာလကို သတ်မှတ်ပေးထားတဲ့ သဘောမျိုးမဟုတ်ပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ အစည်းအဝေး မတက်ရောက်နိုင်လို့ ခွင့်ပန်ကြားမယ်ဆိုရင် လွှတ်တော် အစည်းအဝေး စတင်ကျင်းပမယ်လို့ နေ့ရက် သတ်မှတ်ကြေညာကတည်းက ခွင့်တိုင်ကြားရန် အချိန်လုံလောက်စွာ ရရှိနိုင်မှာဖြစ်ပါတယ်။ ခွင့်ပြုချက်မရဘဲ တစ်ဆက်တည်းပျက်ကွက်မှုဟာ ၁၅ ရက်လို့ ယခုလို သတ်မှတ်ထားခြင်းဟာ ဆက်သွယ်မှု လွယ်ကူတဲ့ ယနေ့ကာလ အချိန်အခါမျိုးမှာ နည်းသည်ဟု မဆိုနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁

ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိ

စာမျက်နှာ ၇ မှ

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကပဲ–

"ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

(က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှု ရှိရပါမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးပါ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ (ဂ) သို့မဟုတ်(ဃ) အရ ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ"ဟု ပါရှိပါသည်။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို ပြည်ထောင်စုအဖွဲ့အစည်းတစ်ရပ်ရပ်အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်မှု၊ ယင်းသို့အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲချက်များရှိပါက ပြင်ဆင်၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ခွင့်တို့မှာ လျော်ကန်သင့်မြတ်ပါသည်။

သို့ရာတွင် အပိုဒ်ခွဲ(င)အရ အကယ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုလုပ်ခဲ့ပါက ထိုသို့ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရဟု ပါရှိပါသည်။ ယင်းသို့ ချွတ်ချော်တိမ်းစောင်းခြင်းများအတွက် တာဝန်ရှိမှုအပိုင်း ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ယခုကဲ့သို့သော တိမ်းစောင်းမှုများ၏ အကျိုးဆက်များသည် နိုင်ငံနှင့်ပြည်သူတို့အတွက် များစွာထိခိုက်နစ်နာဖွယ် ရှိပါသည်။

သို့ဖြစ်ရာ ယင်းကဲ့သို့ မှားယွင်းဆောင်ရွက်မှုများသည် သဘောရိုးဖြင့် မှားယွင်းဆောင်ရွက်ခဲ့ခြင်း ဟုတ်၊ မဟုတ်နှင့် ထိုကဲ့သို့ မှားယွင်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ထိခိုက်ဆုတ်ယုတ်စေခြင်းရှိ၊ မရှိဟူသော အချက်များကိုပါ လေ့လာစိစစ်ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်ဟု သဘောရရှိပါသည်"

လို့ အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် အပိုဒ်ခွဲ(င) အရ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်တယ်ဆိုတာဟာ ချွတ်ချော်တိမ်းစောင်းလို့၊ မှားယွင်း ဆောင်ရွက်ခဲ့လို့ဆိုတဲ့ သဘောမျိုးကြောင့်သာမဟုတ်ဘဲ၊ ကာလဒေသ အခြေအနေအရ ပယ်ဖျက်၊ ပြင်ဆင်ဖို့ လိုအပ်လာလို့ ပယ်ဖျက်၊ ပြင်ဆင်ရတာလဲ ဖြစ်နိုင်ပါတယ်။ မည်သည့် အကြောင်းကြောင့် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုရသည် ဖြစ်စေ၊ မပယ်ဖျက်မီ၊ မပြင်ဆင်မီက ဆောင်ရွက်ချက်တွေဟာ ဆက်လက် အတည်ဖြစ်နေစေဖို့အတွက် 'ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ'လို့ သုံးနှုန်းဖော်ပြတာဟာ မိမိတို့နိုင်ငံအပါအဝင် အခြားနိုင်ငံများကလည်း လက်ခံကျင့်သုံးနေတဲ့ ဥပဒေရဲ့မူသဘောအရ သုံးနှုန်းထားခြင်း ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အဲဒီ နိုင်ငံရေးပါတီကပဲ ဆက်လက်ပြီး–

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောဆိုခွင့်များနှင့် စပ်လျဉ်းပြီး–

(က) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ၎င်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"

ဟု ပါရှိပါသည်။

ဖော်ပြပါအချက်များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြား၍ တက်ရောက်သူများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် လွတ်လပ်စွာ ဆွေးနွေးပြောဆိုခွင့်များကို ခွင့်ပြုထားခြင်းဖြစ်ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်မှုများကိုမူ တည်ဆဲဥပဒေများအရ အရေးယူရန်သတ်မှတ်ချက်မှာ ပြည်ထောင်စုလွှတ်တော်၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေမှုကို မဖြစ်ပေါ်စေရန် တားဆီးရာ၌ အထောက်အကူဖြစ်စေနိုင်သည်ဟု သဘောရရှိပါသည်။

သို့ရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ ဦးစွာပထမ အရေးယူသင့်ပါသည်။ ထိုကဲ့သို့အရေးယူရာတွင် တည်ဆဲဥပဒေများအရ အရေးယူသင့်သည့်သူများအား ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ အရေးယူမှုအပြင် တည်ဆဲဥပဒေများအရပါ ဆက်လက်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားသင့်ပါသည်။ သို့ဖြစ်၍ ကိုယ်ထိလက်ရောက်ကျူးလွန်သူများအား ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပါ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရေးသားသင့်ကြောင်း အကြံပြု တင်ပြအပ်ပါသည်–

"(ဂ) အထက်အပိုဒ်ခွဲ (က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"

လို့ ရှင်းလင်းတင်ပြပြီး အကြံပြုသွားတာတွေ့ရှိရပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် 'အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်'လို့ ဖော်ပြခဲ့ပေမယ့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက 'ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ' ဆိုသော စကားရပ်ကို ဖြည့်စွက် ထည့်သွင်းပေးဖို့ အကြံပြုသွားတာ လေ့လာတွေ့ရှိရပါတယ်။ ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့လည်း ကိုက်ညီပြီး အဓိပ္ပာယ်ပိုမိုပြည့်စုံကောင်းမွန်တဲ့အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်း သုံးသပ်ရရှိတဲ့အတွက် ယင်းအချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နဲ့သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ပြန်လည် ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အများအပြားက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောဆိုခွင့်နဲ့ စပ်လျဉ်းပြီး အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဂ)အဖြစ် "အထက်အပိုဒ်ခွဲ (က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်"ဟု ဖော်ပြသင့်ကြောင်း အကြံပြုခဲ့တာ တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်းအဝေး တစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကိုဖြစ်စေ၊ ဆန္ဒမဲမပေးဘဲ နေပိုင်ခွင့်ရှိပါသည်။ ဤသည်မှာ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အစည်းအဝေးများ၊ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးများတွင်လည်း ကျင့်သုံးနေသော အစဉ်အလာတစ်ခု ဖြစ်ပါသည်။

"လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့်အကြောင်းအရာ တစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာတွင် အခြားနည်းပြဋ္ဌာန်းထားချက် မရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်"ဟူသော အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်းကိုလည်း ထောက်ခံ တင်ပြပြီးဖြစ်ပါသည်။

၎င်းအပြင် အထက်ပါလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက် ပြည်ထောင်စုလွှတ်တော်အမှတ်စဉ် ၈(က)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အမှတ်စဉ် ၇ (က)(၁)၊ ၇ (ခ) (၁)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အမှတ်စဉ် ၈ (က)တွင် "လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲမပေးဘဲကြားနေနေလိုပါက နေပိုင်ခွင့်ရှိသည်"ဟုဖြည့်စွက်သင့်ပါကြောင်း" ဟုအကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက် ပြည်ထောင်စုလွှတ်တော် အမှတ်စဉ် ၈(က)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အမှတ်စဉ် ၇(က) (၁)၊ ၇ (ခ) (၁)၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် အမှတ်စဉ် ၈(က)တို့ဟာ လွှတ်တော်တစ်ရပ်မှာ ကိစ္စရပ်တစ်ခုအတွက် မဲခွဲဆုံးဖြတ်ရာမှာ တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ဖို့သတ်မှတ်ပေးထားတဲ့ သဘောသာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ ဆန္ဒမဲမပေးဘဲ ကြားနေနိုင်ခွင့်ဆိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီမှာ ရရှိပြီးသားအခွင့်အရေး သဘောမျိုးဖြစ်တာကြောင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် သီးခြားထည့်သွင်းဖော်ပြရန် လိုမည်မဟုတ်ပါကြောင်း ပြောကြားလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"အပိုဒ်(၈)မှာတော့ မဲခွဲဆုံးဖြတ်မှုရှိလျှင် တက်ရောက်ကိုယ်စားလှယ်များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရန်ဖြစ်ပြီး လွှတ်တော်နာယက တာဝန်ထမ်းဆောင်သူက မဲဆန္ဒမပေးရဘဲ ထောက်ခံမဲနှင့် ကန့်ကွက်မဲတူညီနေမှသာလျှင် "အနိုင်မဲ" ပေးရန် ဖြစ်ကြောင်းများ ပါရှိပါတယ်"ဟုလည်းကောင်း၊

"လွှတ်တော် အစည်းအဝေးအထမြောက်ဖို့အတွက် ဖော်ပြထားသော အရေအတွက်ထက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ပိုမို တက်ရောက်စေလိုခြင်းနဲ့ များများတက်ရောက်မှသာ မဲခွဲဆုံးဖြတ်ရန် လိုတဲ့အခါမှာ အဆုံးအဖြတ်ပေးရမယ့် မဲအရေအတွက်ဟာလည်း တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေအများစုရဲ့ ဆန္ဒမဲဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ သို့မှသာလျှင် ဒီမိုကရေစီအနှစ်သာရကို ပိုမိုပီပြင်စွာရရှိစေမှာ ဖြစ်ပါတယ်"ဟုလည်းကောင်း၊

"နောက်တစ်ချက်အနေနဲ့ မဲခွဲဆုံးဖြတ်တဲ့အခါမှာ နှစ်ဖက်ဆန္ဒမဲချင်းတူနေလျှင် လွှတ်တော်နာယကတာဝန် ထမ်းဆောင်သူက "အနိုင်မဲ" ပေးရမယ်ဆိုတဲ့ စကားရပ်အစား"အဆုံးအဖြတ်မဲ"ဆိုတဲ့ စကားရပ်နဲ့ အစားထိုး စေလိုခြင်းဖြစ်ပါတယ်။ ဤစကားရပ်ကြောင့် တစ်ဖက်ကိုရှုံးစေရန် ဆန္ဒမဲ ပေးခြင်းအဓိပ္ပာယ်ဖြစ်ပေါ်စေခြင်းကနေ လွှတ်တော်နဲ့ ယင်းလွှတ်တော်ရဲ့နာယကအတွက် ဂုဏ်သိက္ခာ၊ သမာဓိ ပိုမိုမြင့်မားစေပြီး ပိုမိုလေးနက်စေမှုရှိစေတဲ့ သဘောကို သက်ရောက်သွားစေမှာ ဖြစ်ပါတယ်"

လို့ ရှင်းလင်းတင်ပြပြီး အကြံပြုသွားပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် ဖော်ပြထားချက်ဟာ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်တဲ့ ကိစ္စများ၌ ထောက်ခံဆန္ဒမဲနဲ့ ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်းတူညီနေတဲ့ ကိစ္စရပ်မျိုးမှာ လွှတ်တော်

ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန်လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

နာယက တာဝန်ထမ်းဆောင်သူက ဆန္ဒမဲပေးလိုက်ခြင်းအားဖြင့် အနိုင်ရသွားစေမှာဖြစ်လို့ အနိုင်မဲလို့ သုံးနှုန်းထားတဲ့သဘောဖြစ်ပါတယ်။ အဓိပ္ပာယ်ရှင်းလင်းပေါ်လွင်အောင် သုံးနှုန်းလိုက်ခြင်းဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလဲ'အနိုင်မဲ'လို့ သုံးနှုန်းထားသလို အခြားနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လဲ ဒီလိုအခြေအနေမျိုးမှာ သဘာပတိပေးရမယ့် မဲကိုအနိုင်မဲလို့ သုံးနှုန်းထားတာတွေ့ရှိရပါတယ်။ ဒါကြောင့် အနိုင်မဲလို့ သုံးနှုန်းခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုပြည့်စုံပြီး ရှင်းလင်း လွယ်ကူသွားစေမယ်လို့ သုံးသပ်ရရှိပါကြောင်း ပြောကြားအပ်ပါတယ်။

အဲဒီ ကိုယ်စားလှယ်အစုအဖွဲ့ကပဲ–

“ဆက်လက်တင်ပြသွားမှာကတော့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အကြံပြုချပြရှင်းလင်းသွားတဲ့ အပိုဒ်(၉)နဲ့(၁၀)တို့ဖြစ်ပါတယ်။ ဒီအပိုဒ်များမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ခွင့်မဲ့ပျက်ကွက်မှုတစ်ဆက်တည်း ၁၅ ရက်ရှိလျှင် သတ်မှတ်ထားသောနည်းလမ်းဖြင့် အရေးယူခြင်းနှင့်ယင်း ၁၅ ရက် တွက်ချက်ရာမှာ အစည်းအဝေးရွှေ့ဆိုင်းတဲ့ကာလမပါရခြင်းလည်း ဖော်ပြထားပါတယ်။ ယင်းအပြင် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေလျှင်ဖြစ်စေ၊ အခွင့်အရေးမရှိသူတစ်ဦးက အစည်းအဝေးတက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း ပြုလုပ်ထားမှုကို နောင်မှာတွေ့ရှိရလျှင်ဖြစ်စေ၊လွှတ်တော်ရဲ့လုပ်ငန်းများကိုဆောင်ရွက်ခွင့်ရှိခြင်းနှင့် ဆောင်ရွက်ပြီးသည့်အချက်များလည်း ပျက်ပြယ်မှုမရှိစေရေးပါရှိပါတယ်။ ဒီကိစ္စရပ်မှာလည်း လွှတ်တော်အစည်းအဝေးတစ်ရပ်ကို သေချာစွာစီမံခန့်ခွဲပြီးမှ ကျင်းပရခြင်းဖြစ်ပြီး လိုအပ်တဲ့ ဆုံးဖြတ်ချက်များကိုလည်း အဓိကထားဆုံးဖြတ်ချမှတ်ထားခြင်းဖြစ်လို့ ဖော်ပြပါကိစ္စရပ်များကြောင့် ဆောင်ရွက်မှုများရပ်ဆိုင်းခြင်း၊ ပျက်ပြယ်ခြင်း မဖြစ်စေမှုဟာလည်း ချမှတ်သင့်တဲ့မှုဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီအချက်မှာလည်း ထည့်သွင်းစဉ်းစားရန်ဖော်ပြလိုပါတယ်။ လွှတ်တော်အစည်းအဝေးကျင်းပပြီးနောက်မှ စစ်ဆေးတွေ့ရှိလာတဲ့ လွှတ်တော်အစည်းအဝေးကို တက်ရောက်သူများထဲက “အခွင့်အရေးမရှိသူတစ်ဦးက”ဆိုသည့် စကားရပ်နှင့်ပတ်သက်လို့ဖြစ်ပါတယ်။ အကယ်၍ အခွင့်အရေးမရှိသူတစ်ဦးထက်မကလည်း ဖြစ်လာနိုင်တာမို့“အခွင့်အရေးမရှိသူတစ်ဦး”အစား“တစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ”ဆိုသည့်စကားရပ်ဖြင့် အစားထိုးလျှင် ပိုမိုပြည့်စုံမိမည်ဖြစ်ကြောင်း”အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် “အခွင့်အရေးမရှိသူတစ်ဦးက”လို့ သုံးနှုန်းထားတာဟာ ဥပဒေများရေးဆွဲပြဋ္ဌာန်းရာမှာ သုံးနှုန်းလေ့ရှိတဲ့စကားရပ်အတိုင်း သုံးနှုန်းထားခြင်းဖြစ်ပါတယ်။ “တစ်ဦး”ဆိုတဲ့ စကားရပ်ဟာ ဧကဝုစ်ဖြစ်ပြီး တစ်ဦးထက် ပိုပါက‘အများ’ဆိုတဲ့ ဗဟုဝုစ်ဖြစ်ပါတယ်။ “ဧကဝုစ်အဓိပ္ပာယ်ရှိသည့်စကားရပ်သည် ဗဟုဝုစ်အဓိပ္ပာယ်ရှိသည့် စကားရပ်နှင့်လည်းသက်ဆိုင်သည်။ ဗဟုဝုစ်အဓိပ္ပာယ်ရှိသည့် စကားရပ်သည် ဧကဝုစ်အဓိပ္ပာယ်ရှိသည့် စကားရပ်နှင့်လည်း သက်ဆိုင်သည်ဟု မှတ်ယူရမည်”လို့ “၁၉၇၃ခုနှစ် စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ”ပုဒ်မ(၆)ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားပါတယ်။ ဒါကြောင့် ဥပဒေရေးထုံးအရ “အခွင့်အရေးမရှိသူတစ်ဦးက”လို့သုံးနှုန်းထားခြင်းအားဖြင့် “အခွင့်အရေးမရှိသူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက် ပိုသူများကဖြစ်စေ”ဆိုတဲ့ သဘောများ အကျုံးဝင် သက်ဆိုင်ပြီးဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီရဲ့ သဘောထားအတိုင်းတင်ပြသွားပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးနှင့် လွှတ်တော်အစည်းအဝေးသို့ တရားဝင်တက်ရောက်ခွင့်မရှိသူတစ်ဦးဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ”ဆိုတဲ့အချက်နဲ့စပ်လျဉ်းပြီး သတိပြုသင့်တဲ့အချက်တစ်ချက်အား အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

“နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က နိုင်ငံတော်ရဲ့နယ်နိမိတ်ပြင်ဆင် သတ်မှတ်ရေးအတွက် ဆောင်ရွက်စရာရှိရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်ရဲ့ ထောက်ခံဆန္ဒမဲ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ထက်ဝက်ကျော်ရဲ့ ထောက်ခံဆန္ဒမဲ၊ အဲဒီလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နဲ့အကျုံးဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ထက်ဝက်ကျော်ရဲ့ ထောက်ခံဆန္ဒမဲရရှိမှသာ ဆောင်ရွက်နိုင်တယ်။ တကယ်လို့ ထောက်ခံမဲ ထက်ဝက်ကျော်စီမရရှိကြဘူးဆိုရင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူရမယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံသုံးပုံအထက် ထောက်ခံမှသာ နိုင်ငံတော် နယ်နိမိတ်ပြင်ဆင်ရေးကို ဆက်လက်ဆောင်ရွက်ရမယ်ဆိုပြီး အသေးစိတ်အခြေခံရမယ့်မူချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်ရဲ့ နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးနဲ့စပ်လျဉ်းလို့လည်း ပြည်ထောင်စုအစိုးရရဲ့ အဆုံးအဖြတ် လိုအပ်လာတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ လေးပုံသုံးပုံနှင့် အထက်ရဲ့ ဆန္ဒမဲရရှိရမယ်လို့လည်း အသေးစိတ်အခြေခံရမယ့်မူချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် သီးခြားသတ်မှတ်ချက်မပါဘဲ ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်၊ အတည်ပြုချက်နဲ့ဆောင်ရွက်ရမယ်ဆိုတဲ့ ကိစ္စမျိုးတွေနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ဘယ်လိုဆန္ဒမဲရယူဆုံးဖြတ်ရမယ်ဆိုတာကိုလည်း သတ်မှတ်ဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ အထက်ပါအခြေအနေ အရပ်ရပ်ကို လေ့လာသုံးသပ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်ဟာ မည်မျှအထိ အရေးပါလှကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ဤမျှ အရေးပါလှသော ဆန္ဒမဲအား အခွင့်အရေးမရှိသူ တစ်ဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်ပြီး ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမျိုး (လုံးဝ) မဖြစ်စေသင့်ပါ။ လွှတ်တော်အစည်းအဝေးသို့ တရားဝင်တက်ရောက်ခွင့် မရှိသူတစ်ဦးဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ဆန္ဒမဲပေးခြင်း၊ လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမျိုးမပေါ်ပေါက်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းများကို အထူးကြပ်မတ်ပြီး တိတိကျကျ သေသေချာချာ စိစစ်ဆောင်ရွက် သင့်ပါကြောင်း သတိပြုရန်အချက်တစ်ချက်အနေဖြင့် အကြံပြု တင်ပြအပ်ပါတယ်”

ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်

လို့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်ပါသုံးဦးတို့က အကြံပြု တင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီအကြံပြုချက်ကဲ့သို့ပင် အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ခြောက်ဦးအဖွဲ့ကလဲ အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်တွေနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် အကြံပြုချက်ဟာ ကောင်းမွန်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များပေါ်ပေါက်လာတဲ့အခါ လွှတ်တော်အစည်းအဝေးများသို့ တရားဝင် တက်ရောက်ခွင့်မရှိသူများတက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်းမပြုနိုင်ရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ ဒီလိုမဖြစ်ရအောင်လဲ သက်ဆိုင်ရာကိုယ်စားလှယ် စိစစ်ရေးလုပ်ငန်းဆောင်ရွက်တဲ့ အဖွဲ့အစည်းက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားမှာဖြစ်လို့ ဒီအကြံပြုချက်ကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အများအပြားရဲ့ အကြံပြုချက်များနဲ့ အညီ–

ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး–

“၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက က တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် နာယက က ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော်နာယက က ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော် သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံကတောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယက က အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်း အဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော် နာယက သို့မဟုတ် နာယက တာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက် အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် “ပြည်ထောင်စုဥပဒေပြုစာရင်း”တွင် ဖော်ပြသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်၊

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့်စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ် (ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–

(က) နိုင်ငံတော်သမ္မတကတင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

26-10 (09) 1 10/26/06, 1:57 AM

စာမျက်နှာ ၉ မှ

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို **ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ** ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) **အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ်** အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–

(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုမပြုဆုံးဖြတ်ရမည်၊

(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့်ဆက်လက် **အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည်၊**

(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) **ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်း**နှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်။

၁၈။ **ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်း**များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ **ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေ**ခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် **ဆွေးနွေးဆုံးဖြတ်ရမည်။**

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေညာရမည်။

(ခ) **နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်**ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့**နိုင်သည်။**

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ **ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်** သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေ**ဖြစ်လာရမည်။**

၂၁။ (က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထား မှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသောဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော် သမ္မတ၏ သဘောထားမှတ်ချက်ကိုလက်မခံဘဲ မူလအတိုင်း အတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စု လွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည် ရရှိသည့်နေ့၏နောက်တစ်နေ့မှ ခုနစ်ရက်အတွင်းလက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုး**ခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင်** ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ **နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ်** နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် **အဖွဲ့ အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့** တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) **ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင်** ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေ **အရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။**

၂၆။ (က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် **လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။** ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီ တို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ **အခြားဥပဒေအရ အရေးယူခြင်း မပြုရ။**

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို **ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။** ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေ **အရ အရေးယူခြင်းမပြုရ။**

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ **ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ** ဖမ်းဆီးခြင်းမပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံ**စာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ"**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်လိုက်ပါတယ်။ ။

ဆက်ကပ်လှူဒါန်း

သဃ်္ဃန်းကျွန်းမြို့နယ် ဇေယျာသီရိ ပရိယတ္တိစာသင်တိုက်၏ အဌမ**အကြိမ် မဟာဘုံကထိန်အလှူတော်** မင်္ဂလာအခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစုများက ဆရာ**တော်ထံ ကထိန်လျာဥာတ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းစဉ်။**

(မြို့တော်စည်ပင်)

ဇေယျာသီရိပရိယတ္တိစာသင်တိုက်၏ မဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ဇေယျာသီရိပရိယတ္တိစာသင်တိုက်၏ အဌမအကြိမ် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့်မိသားစုများ တက်ရောက်ကြည်ညိုကြပြီး ကထိန်လျာဥာတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သီလခံယူ

ရှေးဦးစွာ ဇေယျာသီရိ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တ တေဇဝန္တထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့နှင့် မိသားစုများ၊ ပရိသတ်များက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာဥာတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစုတို့က ဇေယျာသီရိ ပရိယတ္တိစာသင်တိုက်သို့ နဝကမ္မအလှူတော်ငွေ ကျပ်နှစ်သိန်းနှစ်သောင်းကို ဥပါသကာ ဦးအောင်ခင်ဇော်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မဟာဓမ္မကထိက ဗဟုဇနဟိတဓရပိဋကတ်(၁)ပုံခွဲဆောင်ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ(သီတဂူကြယ်တစ်ပွင့်)ထံမှ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီးဒေါ်ခင်သန်းနွဲ့ အမှူးရှိသော ပရိသတ်များက ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရားတော် နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစုများက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၃ရပ်ကွက်ရန်ကုန်-အင်းစိန် လမ်းမကြီး အမှတ်(၁၉၂)နေ ဦးမြင့်သိန်း-ဒေါ်စန်းတင့် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ် ၁၁၅၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နှင့်၁၁ရက်(၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၄ရက်နှင့် ၁၅ရက်)တို့တွင်ကျင်းပမည်ဖြစ်ပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်၊ ၃ရက်နှင့် ၄ရက် (၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၆ရက်၊ ၇ရက်၊၈ရက်)တို့တွင်ကျင်းပ မည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများအား ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင်ကြီးသို့ ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(၂၀၀၆ခုနှစ် နိုဝင်ဘာ ၅ရက်) အရောက်ကြွတော်မူကြပါရန်ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်တွင် အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း လူမှုရေးအဖွဲ့အစည်းများမှ မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်များသို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၅

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် အောက်တိုဘာ၁၈ရက် နံနက် ၁၁နာရီက မြင်းခြံမြို့ မဏိကဥ္စနခန်းမ၌ ကျင်းပသော မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့မှ မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်များသို့ လှူဒါန်းသော စာသင်ခုံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် **(အပေါ်ပုံ)** က အမှာစကားပြောကြားသည်။

စာသင်ခုံများလှူဒါန်း

ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးက စာသင်ခုံများပေးအပ်လှူဒါန်းရာ မြင်းခြံမြို့နယ် ပညာရေးမှူး၊ တောင်သာမြို့နယ် ပညာရေးမှူး၊ နွားထိုးကြီးမြို့နယ်ပညာရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူးနှင့် ငါန်းဇွန်မြို့နယ် ပညာရေးမှူးအသီးသီးတို့က လက်ခံကြသည်။ ထို့နောက် မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက စာသင်ခုံများ ပေးအပ်လှူဒါန်းရာ တောင်သာမြို့နယ် ပညာရေးမှူးနှင့် ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူးတို့က လက်ခံကြသည်။

ကျေးဇူးတင်စကား

ထို့နောက် အခမ်းအနားအစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက မြင်းခြံခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ဝတ်စုံအစုံ ၅၀ တန်ဖိုးငွေ ကျပ်နှစ်သိန်းကို ပေးအပ်ရာ မြင်းခြံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်က လက်ခံကြပြီးနောက် မြင်းခြံခရိုင်ပညာရေးမှူး ဦးကောင်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

လှူဒါန်းခဲ့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာသင်ခုံ အနိမ့် ၂၃၂ လုံးအတွက် တန်ဖိုးငွေကျပ် ၁၈၅၆၈၀၀၀၊ စာသင်ခုံအမြင့် အလုံး ၅၀ အတွက် တန်ဖိုးငွေကျပ် ၇၅၀၀၀၀၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့တို့က စာသင်ခုံအနိမ့် အလုံး ၄၀၀ တန်ဖိုးငွေကျပ် ၃၂၀၀၀၀၊ စာသင်ခုံအမြင့် ၄၂၂လုံးအတွက် တန်ဖိုးငွေကျပ် ၆၃၃၀၀၀ စုစုပေါင်း ငွေကျပ် ၂၀၂၇၁၀၀၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၀-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ဒေါ်မြသောင်းဝေနှင့် တွေ့ဆုံခြင်း)
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း-၃)
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	အသွင်သစ် ကွန်ကရစ် တည်ဆောက်မှုရင်းမြစ်
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ပလူတိုဂြိုလ်နှင့် နက္ခဗေဒအမြင်
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စပါးခွဲခတ်ငွေ့သုံးစက်
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	ဖိနပ်စက်ရုံ(ကျောက်ဆည်)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀	Movie Talk (သရုပ်ဆောင် ဒါရိုက်တာ သတိုးစောနှင့် တွေ့ဆုံခြင်း) [အပိုင်း-၂]
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	အခြေခံဘော်လီဘော ကစားနည်း နည်းစနစ်များ (အပိုင်း-၂)
၁၁း၁၅	ဆုရအက
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	သီးနှံစိုက်ပျိုး အထွက်တိုး (စပါးပန်းတိုင်အထွက်နှုန်း)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မိုးကောင်းအသင်း (ရန်ကုန်)၏ ဒုတိယအကြိမ် ကထိန်သင်္ကန်းကပ်လှူပွဲ၊ အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်သူများ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၂ရက်က ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်း ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်ကြီး၊ ဒုတိယဥက္ကဋ္ဌ ဦးယုတင်တို့ ကထိန်သင်္ကန်းဆက်ကပ်စဉ်။ (၀၄၆)

အထက(၄) မင်္ဂလာတောင်ညွန့် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

အထက(၄) မင်္ဂလာတောင်ညွန့်နှင့် (ယခင်)စိန့်အန်ထော်နီကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၁၂ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဆရာဦးစိန်ဝင်း ဖုန်း-၀၉၅၁၂၄၀၁၉၊ ဦးဟန်ငွေး ဖုန်း-၅၅၈၅၃၅ လိုင်းခွဲ ၃၅၂၊ ဦးအောင်ကျော်ဟန် ဖုန်း-၂၄၆၀၁၁ နှင့် ဦးမျိုးအောင် ဖုန်း-၀၉၅၁၃၂၉၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) တန်ဆောင်တိုင် ဆွမ်းလုံးချပွဲတော်နှင့် ပေါ်တော်မူခရီး

ရန်ကုန် အောက်တိုဘာ ၂၅

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) သည် ဒေးဒရဲမြို့သို့ တန်ဆောင်တိုင် ဆွမ်းလုံးချပွဲတော်နှင့် ပေါ်တော်မူဘုရားဖူးမိတ်ဆုံခရီးကို နိုဝင်ဘာ ၄ရက် (တန်ဆောင်မုန်းလပြည့်)စနေနေ့နံနက် ၆နာရီခွဲတွင် မော်တင်သင်္ဘောဆိပ်မှ သုံးထပ်သင်္ဘောဖြင့် နေ့ချင်းပြန်ခရီးထွက်မည် ဖြစ်သည်။ လိုက်ပါလိုသော မြို့နယ်သူ၊ မြို့နယ်သားများနှင့် မိတ်သင်္ဂဟများသည် အသင်းအမှုဆောင်များဖြစ်သော ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးဇော်လွင် ဖုန်း-၀၉-၈၀-၃၁၇၄၈နှင့် ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲနှင့် ၂၀၀၅-၂၀၀၆ခု ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို အောက်တိုဘာ ၂၂ရက် မွန်းလွဲ ၁နာရီက မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ငြိမ်းအောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်ဆွေ(ငြိမ်း)က အမှာစကားပြောကြားပြီးနောက် အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၉ဦးနှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ငွေရရှိသူ ကျောင်းသူတစ်ဦးအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

*** ကျောဖုံးမှ**

ထို့နောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဧည့်သည်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိသာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ချစ်ကြည်ရေး ခရီးစဉ်ပြီးဆုံး၍ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ရေးဦးစွာ လေဆိပ်ဧည့်ခန်းမ၌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဗီစီဒီခွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ရေတပ်ဦးစီးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guang lie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အထက(သုဝဏ္ဏ)မြတ်ဆရာပူဇော်ပွဲ အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သုဝဏ္ဏ) ပဥ္စမအကြိမ်မြောက် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးဦးစီးကော်မတီက ကြီးမှူး၍ ပထမအကြိမ်မတည်အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၂ရက် နံနက် ၁၀ နာရီက ကွန်ပျူတာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်း၊ ကော်မတီဥက္ကဋ္ဌ ဦးလှ တင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးပိုင်၊ ဗိုလ်မှူးအောင်မြတ်(အငြိမ်း စား)နှင့် အဖွဲ့ဝင်များ၊ အလှူရှင်ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အတွင်းရေးမှူး ဦးကျော်ဇောက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး နာယက ကျောင်းအုပ်ကြီး ဥက္ကဋ္ဌ ဦးလှတင်တို့က အမှာစကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဒေါ်ရီရီမြင့်က ဘဏ္ဍာရေး အခြေအနေ ရှင်းလင်းတင်ပြကာ ပထမအကြိမ် မတည်ငွေအဖြစ် စုစုပေါင်းအလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် အထက(သုဝဏ္ဏ) သီရိသုဝဏ္ဏ ပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ဦးထွန်းမင်း(ကျောင်းအုပ်ကြီး) ဖုန်း - ၅၆၃၆၆၇၊ ဦးစိုးပိုင် ဖုန်း- ၅၇၀၄၄၀၊ ဒေါ်ရီရီမြင့် ဖုန်း- ၅၆၅၂၄၇ နှင့် ဦးဥက္ကာအေး ဖုန်း-၀၉-၅၁ - ၄၄၀၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအစီအစဉ်အရ အောက်တိုဘာ ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၈ရက် နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု ကထိန်သင်္ကန်းကပ်လှူ

ရန်ကုန် အောက်တိုဘာ ၂၅

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်စန်းစန်းတို့အား အမှူးထား၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ (၁၆)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကင်းမြို့နယ် သစ္စာလမ်းမရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်) မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီရိဓမ္မ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်စန်းစန်းက ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဇနီးများက ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်

ယင်းနောက် ဆရာတော်ဘဒ္ဒန္တသီရိဓမ္မက အနုမောဒနာတရားချီးမြှင့်ပြီး ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် မွေးနေ့ အလှူတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ တပည့်တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက အဖွဲ့ကြီး၏ စီမံအုပ်ချုပ်မှုနာယက ဆရာတော်များအဖွဲ့ အကျိုးတော်ဆောင် မင်းကွန်းရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၏ သက်တော်(၄၁)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်များအဖြစ် မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်အတွင်း တည်ထား ကိုးကွယ်အပ်သော မင်းကွန်းတိပိဋက ငွေရတုစေတီ ရွှေထီးတော်၊ စိန်ဖူးတော်အထွတ်တင်လှူပူဇော်ခြင်း၊ မင်းကွန်း တိပိဋကဓရ လွမ်းစေတီ နှစ်ကျိပ်ရှစ်ဆူဘုရားများ ရွှေစင်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ပင့်သံဃာတော် အပါး ၁၅၀ တို့အား သင်္ကန်းစသော လှူဖွယ်ဝတ္ထုများ လှူဒါန်းပူဇော်ခြင်း၊ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၏တရားပွဲဖြင့် လှူဒါန်းပူဇော်ခြင်း၊ အလှူရှင် ၁၄ ဦးတို့က သိက္ခာထပ် အလှူတော်မင်္ဂလာကျင်းပပူဇော်ခြင်းများဖြင့် ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (အောက်တိုဘာ ၃၀ ရက်) တနင်္လာနေ့တွင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက်ကြီးအတွင်း၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

လသာ၊ ဗဟန်းနှင့် ပဲခူးမြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၂၅

အောက်တိုဘာ၂၀ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ် (၆) ရပ်ကွက် ၂၂လမ်း အိမ်အမှတ် ၁၅၄ မြေညီထပ်နေ ဦးစိုးဝင်းပိုင် ဖုဂျီဆန်းလျှပ်စစ်ပစ္စည်းဆိုင်၌ ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားသည်။

ဆုံးရှုံး

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနချုပ် ညွှန်ကြားရေးမှူးချုပ်က အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ သန္လျင်၊ အရန် မီးသတ် တပ်ဖွဲ့ဝင် ၁၈၇ဦး စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် လျှပ်စစ်ပစ္စည်းများနှင့်ထပ်ခိုး မီးလောင်ခံရပြီး ငွေကျပ်(၂၅)သိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွား

အလားတူ အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် ဓမ္မစေတီလမ်းနှင့် အင်းယားမြိုင်လမ်းထောင့် အမှတ် ၁၅၉ နေ ဦးမျိုးအောင်၏ အိမ်တွင် မီးဖိုမီးကြွင်း မီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အနီးကပ်ကြီးကြပ်ကွပ်ကဲ၍သန္လျင်၊အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀စုပေါင်း ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် သုံးခန်းတွဲတစ်လုံး၊ သီရိမင်္ဂလာသီလရှင်ကျောင်းတစ်ကျောင်း မီးလောင်ခံရပြီး ငွေကျပ် ၁၀ သိန်းကျော်ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ထို့အတူ အောက်တိုဘာ ၂၂ရက်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဥသျှောမြို့သစ်(၇)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းမကြီး ရွှေရွက်လှေစားသောက်ဆိုင်ဘေး၌ ပိုင်ရှင် ဦးကျော်နန္ဒ၏ တိုယိုတာ Town Ace ယာဉ်အမှတ် (လ/၂၁၉၇) ကားခေါင်းအတွင်း ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ငွေကျပ်သိန်း၂၀ ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်အချို့၌ မလိမ့်တပတ်လက်မှတ်ထိုးခိုင်းမှုများရှိနေ

ရန်ကုန် အောက်တိုဘာ ၂၅

လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးသည့် လှုပ်ရှားမှုများကို "၈၈" မျိုးဆက် ကျောင်းသားအုပ်စုဝင်များနှင့် နိုင်ငံရေးပါတီဝင်အချို့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လှုပ်ရှားဆောင်ရွက်ရာတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ NLD ပါတီဝင် ခမောက်ရွှေမောင်ဆိုသူသည် အောက်တိုဘာ ၁၁ ရက် မွန်းတည့်၁၂ နာရီတွင် မြရည်နန္ဒာရပ်ကွက်ရှိ ၎င်းနှင့်ရင်းနှီးသော အိမ်တစ်အိမ်သို့ သွားရောက်ပြီး အိမ်ရှင်ဇနီးမောင်နှံအား အသင့်ယူဆောင်လာသည့် စာရွက်အဖြူပေါ်တွင် ရေးသားထားသော စာသားများကို ပြသခြင်းမပြုဘဲ လက်မှတ်ရေးထိုးခိုင်းခဲ့ကြောင်း၊ လက်မှတ်ရေးထိုးမှုအတွက် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ပြောဆိုခဲ့သည့်အတွက် အိမ်ရှင်ဇနီးမောင်နှံတို့က အားနာသောကြောင့် လက်မှတ်ရေးထိုးပေးခဲ့ကြောင်း။

ထို့အပြင် အခြားရင်းနှီးခင်မင်သော မိတ်ဆွေအချို့အားလည်း လက်မှတ်ရေးထိုးခိုင်းပေးရန် အကူအညီတောင်းသဖြင့် အိမ်နီးချင်းနှစ်ဦးကိုလည်း လက်မှတ်ရေးထိုးစေခဲ့ကြောင်း။

လက်မှတ်ရေးထိုးပြီး နောက်တစ်ရက်တွင် ခမောက်ရွှေမောင်သည် မန္တလေးအရှေ့တောင်မြို့နယ် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး လက်မှတ်ရေးထိုးခိုင်းသည့် ကိစ္စမှာလည်း "၈၈" မျိုးဆက်ကျောင်းသားများပြန်လည်လွတ်မြောက်ရေးအတွက် ဆန္ဒပြုလက်မှတ်ရေးထိုးခိုင်းခြင်းဖြစ်ကြောင်းသိရှိရသည့်အတွက် လက်မှတ်ရေးထိုးပေးခဲ့သူများက NLD ပါတီဝင် ခမောက်ရွှေမောင်ဆိုသူအား နောင်တွင် ယခုကဲ့သို့ မလိမ့်တပတ်လက်မှတ်ရေးထိုးခိုင်းခြင်း မပြုလုပ်ရန်နှင့် ၎င်းတို့အိမ်သို့လည်း ဝင်ထွက်သွားလာမှုလုံးဝမပြုရန် ရန်တွေ့ပြောဆိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသို့ လာရောက်ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရာတွင် ကြိုတင် တင်ပြရန် လိုအပ်မည့် အချက်များအား လျှောက်ထားသူကာယကံရှင်များသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

_ _ _ _ _ _ _ _

အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် ပါရှိရမည့်စာရွက်စာတမ်းများ

၁။ ကာယကံရှင်နှင့်အတူ မိဘ(သို့)အုပ်ထိန်းသူတစ်ဦး လာရောက်ရမည်။
၂။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူတစ်စောင်စီ။
၃။ ရေ့ပြေးလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီး ဇယားပါရှိရမည်)။
၄။ အသက်အတွက် ကျောင်းထောက်ခံချက်(သို့)မွေးစာရင်းမူရင်းနှင့် မိတ္တူ။
၅။ မိဘနှစ်ပါး၏ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ်မူရင်းနှင့် မိတ္တူ။
၆။ ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်း။
၇။ ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်။
၈။ တစ်လက်မ x တစ်လက်မအရွယ်ဓာတ်ပုံလေးပုံ(မျက်မှန်မပါ)။

မှတ်ချက်။ ။ နိုင်ငံသားအရည်အချင်းပြည့်မီသူမှန်လျှင် လျှောက်ထားသည့်ရက်မှ ၂၈ ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိပါက ညွှန်ချုပ်၊ လဝက၊ နေပြည်တော်သို့ စာဖြင့်ရေးသားတိုင်ကြားနိုင်ပါသည်။

ကားလင်းဖလားပွဲ အာဆင်နယ်က ဝက်စ်ဘရွန်းကို နိုင်ပွဲရ

လန်ဒန် အောက်တိုဘာ ၂၅

ယမန်နှစ်က တန်းဆင်းသွားသော ဝက်စ်ဘရွန်းအသင်းကို အာဆင်နယ်အသင်းက ကားလင်းဖလားပြိုင်ပွဲတွင် နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရလိုက်သည်။

သွင်းယူ

အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးများကိုအလီယာဒီယာရီက နှစ်ဂိုးစလုံးသွင်းယူပေးခဲ့သည်။ ၎င်းသည်ဖွင့်ဆော်ဦးဂိုးကို ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ဒုတိယမြောက်ဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် ဝေါကော့တ်၏ တည်ကန်ဘောမှတစ်ဆင့် အလီယာဒီယာရီက သွင်းယူခဲ့သည်။

ကစားခဲ့

အာဆင်နယ်အသင်းသည်ကားလင်းဖလားပြိုင်ပွဲတွင် နာမည်ကြီး အွန်နရီ မပါဝင်ဘဲ အဒီဘေယာ၊ ဝေါကော့တ်နှင့်ဆန်ဒါရို့စ်တို့ကိုသာ ထည့်ကစားခဲ့သည်။

အာဆင်နယ်အသင်းသည် လူငယ်ကစားသမားများဖြင့်သာပွဲထုတ်ခဲ့သော်လည်းဘောလုံးပိုင်ဆိုင်မှုများပြီး ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့သည်။

(အင်တာနက်)

စုစည်းတင်ပြသူ– မောင်မောင်မြင့်ဆွေ



ဝက်စ်ဘရွန်းကိုနိုင်ပြီး အာဆင်နယ်ကစားသမားများ ဤသို့ အောင်ပွဲခံခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ဆွစ်အင်ဒိုး တင်းနစ်ပြိုင်ပွဲ ဖက်ဒဲယား စတင်အနိုင်ရရှိ

ဆွစ်ဇာလန် နိုင်ငံသား ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာ ဖက်ဒဲယား၏ ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

ဘာဆယ်(ဆွစ်ဇာလန်)
အောက်တိုဘာ ၂၅

ဆွစ်ဇာလန်နိုင်ငံသား ကမ္ဘာ့ နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဆွစ်အင်ဒိုးတင်းနစ် ပြိုင်ပွဲတွင်ချက်မှသောမတ်ဖစ်ကို၆–၁၊ ၆–၂ ဖြင့်နိုင်ပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

ကမ္ဘာ့နံပါတ်တစ် ဖက်ဒဲယားသည် မိမိနိုင်ငံမှ ပထမဆုံးသော ဖလားကို ဆွတ်ခူးနိုင်ရန်ကြိုးစားကစားနေကြောင်း သိရသည်။

၎င်းသည်ပွဲပေါင်း ၂၀ဆက်တိုက် အနိုင်ရထားသူဖြစ်သည်။ ယခုအထိ ကစားနိုင်သည့်စွမ်းရည်မှာကျဆင်းသွားခြင်းမရှိသေးဘဲ ကောင်းမွန်သောအနေအထားတွင်ရှိနေသည်။ ဖက်ဒဲယားသည် ပြီးခဲ့သောသီတင်းပတ်က မက်ဒရစ်မာစတာဖလားကို နောက်ဆုံးဆွတ်ခူးထားနိုင်သူဖြစ်သည်။ ယင်းဖလားမှာ ယခုနှစ်အတွင်း ဖက်ဒဲယား၏ ၁၀လုံးမြောက်ဖလားဖြစ်သည်။ ၎င်းသည် လာမည့်ပွဲစဉ်တွင်စပိန်မှ ဂါစီယာလိုပက်ဇ်နှင့် ကစားမည်ဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

ယူရိုပီယံချဲလင်းတိုး ဂေါက်သီးရိုက်ပြိုင်ပွဲ ဝေလမှ ပေကောင်တန် အောင်ပွဲခံ

ရောမ အောက်တိုဘာ ၂၅

ဝေလ ဂေါက်သီးကစားသမား မက်ခ်ပေကောင်တန်သည် အီတလီနိုင်ငံ အပူလီယာဆန် ဒိုမီနီစီယို၌ ကျင်းပသော ယူရိုပီယံချဲလင်းတိုး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံး ဂေါက်သီးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

၎င်းသည်ပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သဖြင့် ဆုကြေးငွေပေါင်၁၃၀၀၀နှင့်အတူ ဆုဖလားကို ရရှိခဲ့သည်။ ပေကောင်တန်၏ နောက်တွင်ဆွီဒင်မှ ဂျွန်အက်ဂရင်က ဒုတိယရပြီး ပေါင် ၁၀၀၀၀ဆွတ်ခူးရရှိခဲ့သည်။

အခွင့်အလမ်းသာ

ပေကောင်တန်သည်ယခုလအစောပိုင်းကလည်း ကာဇက်စတန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ကာဇက်စတန်တွင် အောင်မြင်ခဲ့သည့်ရလဒ်ကြောင့် ပေကောင်တန်သည်ယူရိုပီယံချဲလင်းတိုးဖလားကိုသေချာပေါက်ဆွတ်ခူးနိုင်ရန် အခွင့်အလမ်းသာခဲ့သည်။ **(အင်တာနက်)**

ယူရိုပီယံဖလားနှင့်အတူ ဝေလဂေါက်သီးကစားသမား ပေကောင်တန်အား တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့တစ်လွှား အားကစား

ကားလင်းဖလား တတိယအကျော့ပွဲစဉ်များယှဉ်ပြိုင် အက်စ်တွန်ဗီလာ နိုင်ပွဲရ၊ ဝက်စ်ဟမ်းရှုံးပွဲဆက်

လန်ဒန် အောက်တိုဘာ ၂၅

ကားလင်းဖလား ဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်များကို အောက်တိုဘာ ၂၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အက်စ်တွန်ဗီလာအသင်းက လီဆက်စတာအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရပြီး စတုတ္ထအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ရေးသားတင်ပြသူ – မြင့်မောင်စိုး

အက်စ်တွန်ဗီလာအသင်း အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို အချိန်ပိုတွင် အက်ဘွန်လာဟော်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို အိန်ဂျယ်က ပွဲစပြီး ငါးမိနစ်အကြာတွင် သွင်းယူခဲ့သည်။ သို့သော်လည်းစတီယာမန်းက လီဆက်စတာအသင်းအတွက် ချေပဂိုးသွင်းခဲ့သည်။ ပထမပိုင်းပြီးရန် မိနစ်ပိုင်းအလိုတွင် အက်စ်တွန်ဗီလာ အသင်းအတွက် ဒုတိယမြောက်ဂိုးကို ဘာရီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ပက်ထရစ်ကစ်နောဘိုက ခေါင်းတိုက် ဂိုးသွင်းပြီး နှစ်ဂိုး–နှစ်ဂိုးသရေပွဲလုပ်ခဲ့သည်။

ပုံမှန်ကစားချိန် မိနစ် ၉၀ မပြည့်မီ ဘာရီက ဒုတိယအကြိမ် ပယ်နယ်တီကန်သွင်းရာ လီဆက်စတာ ဂိုးသမားကာကွယ်ပေးနိုင်ခဲ့သည်။

နှစ်ဂိုးဖြင့် အနိုင်ရပြီး စတုတ္ထအကျော့ပြိုင်ပွဲသို့တက်ရောက်သွားပြီဖြစ်သည်။

သို့သော်လည်း ပွဲစပြီး ၂၁မိနစ်အကြာ အကင်ဘီရီက ရက်ဖီး အသင်းအတွက် ဖွင့်ဆော်ဦး ဂိုးသွင်းနိုင်ခဲ့သည်။ ပထမပိုင်းပွဲပြီးရန် လေးမိနစ်အလိုတွင်ဘာမင်ဂမ်အသင်းမှကင်ဘဲလ်က ချေပဂိုးသွင်းခဲ့သည်။

လီဆစ်စတာမှ ကစ်နော်ဘို ကန်သွင်းသည့် ဘောလုံးကို အက်စ်တွန်ဗီလာ ဂိုးသမား ဤသို့ကာကွယ်နိုင်ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဒုတိယပိုင်းတွင်ဘာမင်ဂမ်ကနှစ်ဂိုးဆက်တိုက် ထပ်မံသွင်းယူခဲ့သည်။ ယင်းနောက် ရက်ဖီးကတစ်ဂိုးပြန်ချေပခဲ့သည်။ ပွဲအပြီး လေးဂိုး–နှစ်ဂိုးဖြင့် ဘာမင်ဂမ်က နိုင်ခဲ့သည်။

ဝက်စ်ဟမ်းရှုံးနိမ့်

ပရီမီယာလိဂ်တွင် ရှုံးပွဲများဆက်နေသော ဝက်စ်ဟမ်း အသင်းသည် ကားလင်းဖလားပြိုင်ပွဲတွင်လည်း ချက်စတာဖီးလ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြန်သည်။ ဝက်စ်ဟမ်းအသင်းသည် ပွဲစပြီး လေးမိနစ်အကြာတွင် ဟာရီဝုဒ်က ဦးဆောင် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ချက်စတာဖီးလ်အသင်းသည် ဒုတိယပိုင်းပြီးခါ နီးတွင် ကာလက် ဖော်လန်၏ အနိုင်ဂိုးဖြင့် အောင်ပွဲခံခဲ့သည်။

ပြန်မသွင်းနိုင်

ဝက်စ်ဟမ်းအသင်းသည် ယခုပွဲရှုံးနိမ့်မှုသည် ပရီမီယာလိဂ် အပါအဝင် ရှစ်ပွဲဆက်တိုက် ရှုံးနိမ့်မှု ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ဟာရီဝုဒ်ဂိုးမသွင်းမီက မိနစ်ပေါင်း ၆၇၂မိနစ် ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဂိုးမျှ ပြန်မသွင်းနိုင်ခဲ့ပေ။

ရက်ဖီး–ဘာမင်ဂမ်

ယမန်နှစ်က ပရီမီယာလိဂ်မှ တန်းဆင်းသွားသော ဘာမင်ဂမ် အသင်းက ပရီမီယာလိဂ်တန်းတက်အသင်း ရက်ဖီးအသင်းကို ကားလင်းဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာမင်ဂမ်က ရက်ဖီးအသင်းကို လေးဂိုး–

အခြားပွဲရလဒ်များ

လိဒ်စ်	၁ – ၃	**ဆောက်သန်း**
နော့ကမ်းထရီး	၂ – ၀	**ဆောက်သန်ပတမ်**
ပို့တ်ဗေးလ်	၀ – ၀	**နော့ဝှစ်**
ဝက်ဖို့ဒ်	၂ – ၀	**ဟူးလ်**
အဲဗာတန်	၄ – ၀	**လူတန်**

(အင်တာနက်)

အနိုင်ဂိုးသွင်း

ချက်စတာဖီးလ်အသင်းမှ ဖော်လန်က ဝက်စ်ဟမ်း အသင်းဘက်သို့ ဤသို့ အနိုင်ဂိုးသွင်းယူခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

MIT

Congratulations to City Mart Supermarket
10th Anniversary

City Mart Supermarket ၏ (၁၀) နှစ်တာကာလအတွင်း ဆိုင်ခွဲ (၆) ခု အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သော အောင်မြင်မှုများ အတွက် Myanmar Information Technology Pte Ltd (MIT) မှ အထူး ဝမ်းမြောက်ဂုဏ်ယူ မိပါသည်။

MIT ၏ နည်းပညာ ဝန်ဆောင်မှုများနှင့်အတူ ဆက်လက်တိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Myanmar Information Technology Pte Ltd

City Mart



ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက–ညောင်ခါးရှည်၊ တက္ကသိုလ်ဝင်တန်း (A)မှ ကျွန်တော် မောင်သန့်ဇင်၏ဖခင်အမည်မှန်မှာ ဦးဖုန်းမြင့် ၇/ဝမန(နိုင်)၀၂၈၅၇၅ ဖြစ်ပါကြောင်း။ **မောင်သန့်ဇင်။**

အမည်ပြောင်း

အဖ ဦးကျော်မြင့်–အမိ ဒေါ်တင်တင်အေးတို့၏သမီး ဒဂုံတက္ကသိုလ်၊ ရူပဗေဒနောက်ဆုံးနှစ်မှ မမေသူကျော်အား မယွန်းမြတ်အေးဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းမြတ်အေး။**

အမည်ပြောင်း

အဖ ဦးလှမျိုးသိန်း၏သား အလက(၄) ဒဂုံ/တောင်၊ Grade-II (A)မှ မောင်မျိုးညီညီ ၁၂/ဒဂတ(နိုင်)၀၄၆၆၃၅ အား ဇော်ဇော်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **ဇော်ဇော်ထွန်း။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် 146408 သည် ခရီးသွားနေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **တင်တင်မြင့် ဖုန်း–၀၉–၅၃–၁၁၂၄၃။**



မုံလယ်ဆရာတော်ကြီး၏တရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၂၅

မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ်တောရဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက ဖြစ်တော်မူသော ကျေးဇူးတော်ရှင်အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီးသည် ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ရက် အောက်တိုဘာ ၃၁ရက်မှ (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်)နိုဝင်ဘာ ၆ရက်အထိ ရန်ကုန်တိုင်း သုံးခွမြို့ ကျောင်းသစ်ကျောင်းတိုက် လောကမာရဇိန် ဘုရားတန်ဆောင်းကြီး၌ ကျင်းပမည့် ခုနစ်ရက် တရားစခန်းပွဲ၌ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ် ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ကိုယ်တိုင်ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက် အောက်တိုဘာ ၃၀ရက် ညနေ ၅နာရီအရောက် လာကြရန်နှင့် အသေးစိတ်သိရှိလိုပါက မုံလယ်တရားစခန်းဖြစ်မြောက်ရေးအဖွဲ့ ဖုန်း–၂၄၄၂၁၀၊ ဖုန်း–၃၉၀၄၂၂၊ လိုင်းခွဲ–၂၀၉၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ရန်ကုန်ယောဂီများအနေနှင့် ပုဇွန်တောင်စက်ဆန်း အောဘီစီမော်တော်ယာဉ်ဂိတ်တွင် သုံးခွမော်တော်ယာဉ်များအား စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(က–ပ)**

နန်နင်းနိုင်ငံတကာ အနုပညာပွဲတော်သို့ တက်ရောက်ရန် မြန်မာအနုပညာရှင်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၅

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးနေအောင် ခေါင်းဆောင်သော မြန်မာအနုပညာရှင်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ အောက်တိုဘာ ၂၅ရက်မှ နိုဝင်ဘာ ၄ရက်အထိကျင်းပမည့် နန်နင်းနိုင်ငံတကာ အနုပညာပွဲတော်သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ မြန်မာအနုပညာရှင် ကိုယ်စားလှယ်အဖွဲ့အား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာအနုပညာရှင် ကိုယ်စားလှယ်အဖွဲ့တွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးနေအောင်နှင့်အတူ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ ဒေါ်မေသန်းနု၊ အကယ်ဒမီ ဒေါ်နန္ဒာလှိုင်၊ ရုပ်ရှင်ထုတ်လုပ်သူ ဒေါ်နွေးနွေးလှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒေါ်မြင့်မြင့်မိုး၊ ဒေါ်အိအိပိုင်၊ ဒေါ်ခင်နှံ့သာအောင်တို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရန်ကုန်စက်မှုတက္ကသိုလ်မြို့ပြအင်ဂျင်နီယာများ အာစရိယပူဇော်ပွဲစည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်စက်မှုတက္ကသိုလ်မှ စာသင်နှစ်အစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သူများ၏ အာစရိယပူဇော်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် ပြည်တွင်းမှ ဆရာ ဆရာမကြီးများသာမက ပြည်ပတွင်ရောက်ရှိနေသော ဆရာ ဆရာမကြီးများကိုပါ ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်ဂါးဒင်းဆောက်လုပ်ရေး စီမံကိန်းရုံး၌ စနေတစ်ပတ်ခြားပြုလုပ်လျက်ရှိရာ ယခုလာမည့် အောက်တိုဘာ ၂၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဘီအီး(မြို့ပြ)ဘွဲ့ရ ကျောင်းသားဟောင်းများအနေဖြင့် ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးအတွက် အစည်းအဝေးများသို့ တက်ရောက်ကြရန်နှင့် ကျောင်းသားဟောင်းများဖြစ်ကြသော ဦးကျော်လင်း ဖုန်း–၀၉–၅၀၁၀၃၈၅၊ ဦးကိုကိုကြီး ဖုန်း–၀၉–၅၀၁၀၃၈၆ နှင့် ဦးခင်မောင်ဌေး ဖုန်း–၀၉–၅၁၀၃၀၀၁တို့သို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

အထက(၃)မိတ္ထီလာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

အထက(၃)မိတ္ထီလာ (ယခင် မိတ္ထီလာတပ်မတော်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၁၄ရက်(အမျိုးသားနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဗိုလ်မှူးကြီးကျော်ညွန့် ဖုန်း–၀၉–၀၈–၃၁၀၁၄၊ ဦးဇော်နေဝင်း ဖုန်း–၂၁၂၁၉၆၊ ဦးမြင့်အောင် ဖုန်း–၃၇၆၃၁၉နှင့် ဦးသောင်းဟန် ဖုန်း–၅၉၀၅၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြစ်ကြီးနားအသင်း ကထိန်သင်္ကန်းဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၅

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ နှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ၄ရက်(တန်ဆောင်မုန်းလပြည့်နေ့)နံနက်၉နာရီခွဲတွင် ရွှေတိဂုံဘုရားလမ်းရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ပင့်သံဃာ ၁၅ပါးတို့အား ကထိန်လျာသင်္ကန်းများ ဆက်ကပ်ပြီး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရစာရင်းများကို အောက်တိုဘာ ၂၈ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ဒေါ်တင်တင်ညွန့် ဖုန်း–၅၅၅၅၂၉၊ ဒေါက်တာသန်းသန်းဝင်း ဖုန်း–၂၉၉၉၀၇နှင့် အမှုဆောင်အဖွဲ့တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မိုးမိတ်မြို့နယ်အသင်း စုပေါင်းဘုံကထိန် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

မိုးမိတ်မြို့နယ် အသင်း၏ ဒုတိယအကြိမ် စုပေါင်းဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၄ရက်(တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၉နာရီတွင် အမှတ်၉၀ မင်းလမ်း ဆရာစံတောင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ သာသနာရာမိက ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

မင်းတပ် အောက်တိုဘာ ၂၀

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ပန်းအောအမ်လောင်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၆ ရက်က မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးခင်မောင်စန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် အောက်တိုဘာ ၁၁ ရက်က ကျောက် တံ ခါး မြို့ နယ် စည်ပင်သာယာရေး အဖွဲ့ ကျောက် တံ ခါး မြို့မဈေး သန့်ရှင်းသပ်ရပ်မှု၊ ရေစီးရေလာကောင်း မွန်ရေး ဆောင်ရွက်မှုနှင့် ဈေးဆိုင်များ စနစ်တကျခင်းကျင်း ရောင်းချနေမှုတို့ကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီ ရွှေသင်္ကန်းကပ်ရန် အလှူငွေလှူဒါန်း

ပြည် အောက်တိုဘာ ၁

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓ–ဓမ္မ–သံဃ ဝါတွင်း နိဗ္ဗာန်ဆော်အဖွဲ့ကြီး၏ ဝါတွင်းသုံးလ အများပြည်သူ လှူဒါန်းငွေ ၁၀၉၅၄၄၂၈ ကျပ်ကို ပြည်မြို့ ရွှေဆံတော်စေတီတော် မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် မြို့သူမြို့သားများကောင်းမှုအဖြစ် အောက်တိုဘာ ၉ ရက်က ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဦးအေးကို ဓမ္မာရုံကြီး၌ ပြည်မြို့ ဇောတိကာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩဘာသ(ဓမ္မာစရိယ–ပါဠိပါရဂူ)ထံ လှူဒါန်းကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ ရေစက်ချတရားနာယူကြသည်။ **(က–ပ)**

တောင်ငူမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း ခြင်၊ ယင်၊ ကြွက်အန္တရာယ်ကင်းရှင်းစေရေးအတွက် စက်တင်ဘာ ၂၁ရက်က ပိုးမွှားဆေးဖျန်းကိရိယာဖြင့် ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်သူရတို့ ကြီးကြပ်၍ ဈေးဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာသိကောင်းစရာ လှိုင်လင်၌ဆွေးနွေး

လှိုင်လင် စက်တင်ဘာ ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာ သိကောင်းစရာရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၁၀ နာရီက လှိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ဆွေမိုးက ဝင်ငွေခွန်၊ အမြတ်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေ သိန်းဆုခွန်တို့အကြောင်းကို ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းကြသည်။

ဖြန့်ဝေ

ဆွေးနွေးပွဲ အပြီးတွင် တက်ရောက်လာကြသူများအား အခွန်ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **(က–ပ)**

မလှိုင်မြို့နယ် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)မှ ရွှေပေါ်ကျွန်းသို့ ဖောက်လုပ်ထားသည့် မြေသားလမ်းကို မြေသားလမ်းမျက်နှာပြင်ညှိခြင်း၊ လမ်းကြိတ်စက်ဖြင့် ကြိတ်ခြင်း၊ မြေဖြန့်ခင်းခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးထွန်းအောင်ခင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်မြတ်သက်နှင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရပ်စောက် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရပ်စောက် စက်တင်ဘာ ၂၅

ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) အခမ်းအနားကို စက်တင်ဘာ ၁၅ရက်က ရပ်စောက်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှိ ရတနာသီရိခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ဆက်လက်၍ တာဝန်ရှိသူများက ရပ်စောက်မြို့နယ် ၂၀၀၅–၂၀၀၆ ပညာသင်နှစ်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ၁၄ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး သဘာပတိ မြို့နယ်အသင်း အတွင်းရေးမှူးဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)သို့ တင်သွင်းသည့် ကဏ္ဍအလိုက် အစီရင်ခံစာများကို မြို့နယ်အလုပ်အမှုဆောင်များက ဖတ်ကြားတင်သွင်းကြပြီး အစီရင်ခံစာများအပေါ် တာဝန်ရှိသူများက အကြံပြု ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အဖွဲ့ဝန်ထမ်းများ အောက်တိုဘာ ၃ ရက်က မြို့မဈေးအတွင်း အိုင်အိုဒင်းဆားများ ရောင်းချမှုကိုစစ်ဆေးရာ ဈေးခေါင်းက လိုက်လံ ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

လင်းခေးမြို့၌ ရှေးဦးသူနာပြု အခြေခံသင်တန်းဖွင့်

လင်းခေး အောက်တိုဘာ ၁၅

လင်းခေးခရိုင် လင်းခေးမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ရှေးဦးသူနာပြုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်နံနက် ၉နာရီက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး မြင့်ဝေနှင့်ဇနီး၊ လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကား ပြောကြားပြီး လင်းခေးမြို့နယ် ကြက်ခြေနီဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက သင်တန်းဖွင့်လှစ် ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက်တပ်နယ်မှူး၊ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့တို့က သင်တန်း သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ အဆိုပါသင်တန်း ကာလမှာ ၁၄ရက်ကြာမြင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကောင်းမြို့နယ်ကျေးရွာစာကြည့်တိုက်များသို့ ရွှေနိုင်ငံနှင့် စိမ်းလဲ့ရွှေပြည်ဂျာနယ်များလှူဒါန်း

မိုးကောင်း အောက်တိုဘာ ၈

ကချင်ပြည်နယ်မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရွှေနိုင်ငံနှင့် စိမ်းလဲ့ရွှေပြည်ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၃ရက်က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စား အလုပ်အမှုဆောင် ဦးစိုးအောင်က ရွှေနိုင်ငံဂျာနယ်နှင့် စိမ်းလဲ့ရွှေပြည် ဂျာနယ် စုစုပေါင်း ၁၁၂၂ စောင်ကို သက်ဆိုင်ရာကျေးရွာအုပ်စုအသင်း စည်းရုံးရေးမှူးများထံ ပေးအပ်လှူဒါန်းသည်။ **(၄၁၆)**

ချောက်မြို့နယ် ချောင်းဦးကျေးရွာစက်ရေတွင်းတူးဖော်

ချောက် အောက်တိုဘာ ၈

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်လျက်ရှိရာ ချောက်မြို့နယ် ရွာမကျေးရွာအုပ်စု ချောင်းဦးကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။**(ဓပုံ)**

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၇၀၀တူးဖော်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ၁၃၈ ဒသမ ၄ သိန်းဖြင့် ဆောင်ရွက်ရာ စက်ရေတွင်းတူးဖော်ပြီးစီးပါက ချောင်းဦးကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၅၀ အတွက် သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မင်းလှမြို့ အုတ်တွင်း–စီတုံးလမ်းဂဝံခင်း စက်ရေတွင်း တူးဖော်ဆောင်ရွက်

မင်းလှ အောက်တိုဘာ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ကွပ်ကဲမှုဖြင့် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် အုတ်တွင်း–စီတုံးလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၃ရက်က လည်းကောင်း၊ စမ်းဘုတ်ကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၅ရက်က လည်းကောင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်၊ တာဝန်ခံအင်ဂျင်နီယာဦးသန်းလွင်နှင့် အဖွဲ့ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၆ရပ်ကွက် သာသနာဒီပသဲအင်း ဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် အဝင် မဂ္ဂင်လမ်းမခင်းရန်အတွက် ဦးစောဟဲသော-ဒေါ်ဝါဝါတို့၏ သားမောင်စောဟိန်းသစ်ထူး၏ (၂) နှစ်ပြည့် မွေးနေ့အလှူတော်ငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းတိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ သိရိန္ဒက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့် တော်မူစဉ်။ (က-ပ)

မော်လမြိုင် ကျိုက်သုတ်စေတီတော် ဗုဒ္ဓပူဇနီယပွဲ မသိုးသင်္ကန်း ရက်ကန်းခတ်ပြိုင်ပွဲကျင်းပမည်

မော်လမြိုင် အောက်တိုဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ဆံတော်ရှင်သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယတန်ဆောင်တိုင်ပွဲတော်နှင့် မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ပန်း၊ရေ၊ဆွမ်း၊ ဆီမီး၊ သစ်သီး၊ အမွှေးနံ့သာပူဇော်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို နိုဝင်ဘာ ၃ရက်မှ နိုဝင်ဘာ ၅ရက်ထိ သုံးရက်တိုင်တိုင် ဘုရားရင်ပြင်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၄ ရက်) ညတွင် ကျင်းပမည်ဖြစ်ရာ ဗုဒ္ဓပူဇနီယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သုတ်စေတီတော် ဖုန်း ၀၅၇-၂၄၆၈၀၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၈၂ နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် မန္တလေးတိုင်း မိတ္ထီလာမြို့ ဈေးအနောက် ပွဲစားတန်းနေ (ဦးမြင့်ဌေး)-ဒေါ်စိုးစိုးမေ သား ကိုအေးကျော်၊ ကိုချမ်းငြိမ်းအောင်၊ သမီး မသိမ့်သိမ့်စိုး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ညောင်ဦး(ပုဂံ)မြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အနော်ရထာ လမ်းမတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်မှုနှင့် လမ်းလယ်ကျွန်းများ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုကို စက်တင်ဘာ ၉ ရက်က ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက် ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများဆင်း

ရွှေဘို အောက်တိုဘာ ၂၀

ရွှေဘိုမြို့ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၏ အမှတ်စဉ်(၂၅) ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာ သင်တန်းများဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ရွှေဘိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် ရွှေဘိုဒီဂရီကောလိပ် ကျောင်းအုပ်ကြီးဦးရဲမြင့်အောင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး စာကြည့်တိုက်မှူး ဦးကျော်မင်းချစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ သင်တန်းဆင်း လက်မှတ်နှင့် ဂုဏ်ပြုဆုများကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

ပန်းအလှပင်များပျိုးထောင်

ဖားကန့် အောက်တိုဘာ ၁၆

ဖားကန့်မြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်း ဦးဆောင်သော ဝန်ထမ်းများ အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း၌ ပန်းအလှပင်များဖြစ်သော ရွှက်လှ၊ လမ်းလျှောက်ပန်း၊ ပန်းအိနှင့် ဘိုကတော်ပင်စုစုပေါင်း ၄၅၀၀ ကျော် ပျိုးထောင်စိုက်ပျိုးကြသည်။ (မြို့နယ်စည်ပင်)

မောင်တောမြို့ မြောက်ပိုင်းတံတားအမှတ်(၁၀)အား သံကူကွန်ကရစ်တံတား ပိုင်ကတ်လောင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၇ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တန်ဆောင်မုန်းလဆန်း ၇ ရက်
၂၇-၁၀-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဆုရသူများနှင့် ဆွေးနွေးခန်း) (အပိုင်း-၂)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးထိုးကြပါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ဣတ္ထိယနှလုံးသား)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) သဇင်သင်းလေသောအခါ (ကိုမြကြီး)
(၂) ဆောင်းအမိ (စိုးစန္ဒာထွန်း)
(၃) အချစ်ဟောင်းနဲ့ဆောင်းပုံပြင် (တွံတေးသိန်းတန်)
၁၇း၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (ကာတွန်း ဦးဗကလေးနှင့် ဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မျက်ဝန်းလဲ့ပြာပြာ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (နိုက်ထရိုဂျင်ကမ္ဘာ)(မောင်ဆုရှင်)
၁၉း၁၅ မျိုးကာလပေါ်တူရိယာအဖွဲ့ဖျော်ဖြေခန်း
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ရွက်လှပန်း (အေးအေးသွယ်)
(၂) လွမ်းအိပ်မက်က သံသရာရှည် (မောင်မောင်ကြီး)
(၃) လမင်းကြီးသာစမ်းပါ (ရီရီချိန်)

ပလင်ါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို စက်တင်ဘာ ၂၈ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဟင်းသီးဟင်းရွက် စိုက်ခင်းများ တည်ထောင်စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖို မြို့နယ် စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျက်ဆူတော-ဘလား လမ်း အုတ်ခုံခံ သစ်သားတံတား အခင်းအသစ် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို စက်တင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးစန်းလွင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၇၄)

နွားထိုးကြီး၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

နွားထိုးကြီး အောက်တိုဘာ ၈

စတုတ္ထနှစ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဒုတိယအကြိမ်) ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးရှေ့တွင် ကျင်းပသည်။

အားပေး

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှမိုးနှင့် ဇနီးဒေါ်ဌေးဌေးတို့က အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး စတင်တိုက်ကျွေးပြီး တက်ရောက်လာသော ကလေးမိခင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ခရိုင်အတွင်းရေးမှူးနှင့် အဖွဲ့သည် အမှတ်(၁)ရပ်ကွက်နှင့် အမှတ် (၅)ရပ်ကွက်ရှိဆေးတိုက်စုရပ်များသို့ ကွင်းဆင်း၍ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးကြသည်။ (၂၁၃)

ကျေးလက်အိမ်ရာဆောက်လုပ်

အောင်လံ စက်တင်ဘာ ၂၀

မကွေးတိုင်း အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်အိမ်ရာများ ဆောက်လုပ်လျက်ရှိရာ စက်တင်ဘာ ၅ ရက်က တန်ပိုးကွင်း ကျေးရွာတွင် ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (နယ်စပ်/စည်ပင်)

အယူခံမှုကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄နှင့် ပုဒ်မ ၁၁၅)
တရားရုံးချုပ် (မန္တလေး)
၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၂၃

ဦးအိုက်ရှန် **နှင့်** ဒေါ်နန်းစော(ခ)နန်းဆော
အယူခံတရားလို **အယူခံတရားပြိုင်**

အယူခံတရားပြိုင် ဒေါ်နန်းစော(ခ)နန်းဆော တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) သိစေရမည်။

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်နေ့စွဲပါ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တရားရုံး၏ တရားမကြီးမှုအမှတ် ၉/၂၀၀၄၏ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးစိုးလင်းအောင်နှင့် ဦးနိုလင်(န်)မင်းမင်းထွန်းတို့ကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၂၀ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဤရုံးကချိန်းဆိုပြီး အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူတစ်စုံတစ်ယောက်ကဖြစ်စေ၊ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကိုဆုံးဖြတ်လိမ့်မည်။

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ–
သန်းသန်းလွင်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ–၃၊ ဌာနစု–၄
တရားရုံးချုပ်၊ မန္တလေးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၁၄(အမ်)

မန်နေဂျာ **နှင့်** ၁။ ဦးကျော်ရှိန်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်သန်းသန်းမြင့်
မိုးကုတ်မြို့။
တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်–၄၆၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၄ရက်နေ့ မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် နတ်တော်လပြည့် မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိုးကုတ်မြို့ ကသဲအုပ်စု၊ အကွက်အမှတ်(ကသဲညောင်ပင်ကြီး) ဦးပိုင်အမှတ်(၃၉) ဧရိယာ ဝ ဒသမ၀၄၁ ဧကနှင့် (၂၈ ပေ ၆လက်မ ×၂၃ ပေ ၆လက်မ × ၈ပေ ၆လက်မ × ၈ပေ ၆လက်မ)ရှိ ၄ ½ လက်မ နံကပ်နှစ်ထပ်လူနေတွဲလျက် မီးဖို၊ ထမင်းစားခန်း။

ကြမ်းခင်းဈေးကျပ် (၇၅)သိန်း
ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

မန္တလေးတိုင်းတရားရုံး တရားမရုံးတော်၌
၂၀၀၆ ခုနှစ် တရားမအထွေထွေမှုအမှတ်–၄၄

မန်နေဂျာ **နှင့်** ၁။ ဒေါ်နီနီဝင်း
မြန်မာ့စီးပွားရေးဘဏ်(၁) ၂။ ဦးစိန်ဝင်း
မန္တလေးမြို့။ ၃။ ဒေါ်ခမ်းဝါ
လျှောက်သူ အလျှောက်ခံရသူ
တရားလို **တရားပြိုင်**

၁။ ဦးစိန်ဝင်း ၂။ ဒေါ်ခမ်းဝါအကွက်(၅၆၄) ဦးပိုင်အမှတ်(၁၆) ၈၅ ×၈၆လမ်းကြား၊ ၃၂ ×၃၃ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးတော်သို့ တရားမကျင့်ထုံးဥပဒေအမိန့်–၂၁ နည်း ၅၈ အရ လျှောက်ထားသည့်အကြောင်းနှင့်လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်းအမိန့်မခံသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၆ ခုနှစ် နိုဝင်ဘာလ၆ရက်(၁၃၆၈ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော်၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၇ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးကျော်က
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
မန္တလေးတိုင်းတရားရုံးတော်၌
၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၈၇

မန်နေဂျာ **နှင့်** ၁။ ဦးစိန်ဝင်း
မြန်မာ့စီးပွားရေးဘဏ်(၁) ၂။ ဒေါ်ခမ်းဝါ
မန္တလေးမြို့။
တရားလို **တရားပြိုင်**

၁။ ဦးစိန်ဝင်း၊ ၂။ ဒေါ်ခမ်းဝါ အကွက်(၅၆၄)ဦးပိုင်(၁၆)၈၅–၈၆ လမ်းကြား၊ ၃၂–၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေအတိုးငွေကျပ် ၃၀၃၅၄၉၄၃ ကျပ် ၂၃ပြား အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၆ရက် (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင်သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကျော်က
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၇၇၁၈ LONCIN-M/Cယာဉ်လက်ဝယ်ရှိသူအမည်ဦးသောင်းဝေ မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်) ၀၆၄၃၆၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) **မန္တလေးမြို့။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၅၀(အမ်)

မြန်မာ့စီးပွားရေးဘဏ် ၁။ ဦးတင်ဟန်
ဝမ်းတွင်းမြို့။ **နှင့်** ၂။ ဒေါ်ခင်ဌေးကြွယ်
တရားနိုင် **တရားရှုံး**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၁၁၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် နတ်တော်လဆန်း ၁၂ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့အမှတ်(၃)ရပ်ကွက်၊ကွင်းအမှတ်(၁၅၈၅/၂–သဲတောတောင်ရွာအနောက်)၊ ဦးပိုင်အမှတ် (၁၂/၂)၊ မြေကွက်အမှတ် (၅၅/၅၂၆) ဧရိယာ ဝ ဒသမ ၂၈ ဧကရှိမြေ။ ယင်းမြေပေါ်ရှိ (၂၇×၂၇)ပေ သွပ်မိုး၊ ကွန်ကရစ်ခင်း နံကပ်တစ်ထပ်တိုက်။(၁၇×၁၃)ပေ သွပ်မိုး၊ အုတ်ခင်းရှေ့အဖီပါ(၂၆ × ၁၄)ပေ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်းတစ်ထပ်တိုက်။ (၁၈×၁၀)ပေသွပ်မိုး နံကပ်ဂိုဒေါင်။(၄၂×၂၉)ပေအာရ်စီပတ်ကား၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ရက်ကန်းစက်ရုံ၊ နှစ်လက်မအဝီစိတွင်း၊ ကွန်ပရက်ဆာ၊ ရေစင်၊ ရေချိုးခန်း၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း (၃၈၀)
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၇၇၀၀ Suzuki carry P/Uယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ကျော်ဦး မှတ်ပုံတင်အမှတ် ၁၂/ကမတ(နိုင်) ၀၁၈၇၈၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဈ/၈၅၄၀ မာဇဒါ၊ ပစ်ကပ် လက်ဝယ်ရှိသူအမည်ဦးညီညီထွန်း မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်) ၀၂၂၁၄၈ မှယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
မန္တလေးမြို့။

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့သစ်တောရပ်ဇောတိကလမ်းအမှတ်(၂၇၈/ခ)နေ ဒေါ်နန်းခင်မြမြဦး ၁၃/တကန(နိုင်) ၀၁၄၃၈၇က တောင်ကြီးမြို့ ကန်ရှေ့ရပ် သီရိမင်္ဂလာလမ်း အမှတ် ၉၈နေ ဒေါ်ခမ်းခမ်း ၁၃/ကလတ (နိုင်) ၀၀၃၃၄၂ အား လွှဲအပ်ထားသော ၁–၂–၂၀၀၆ နေ့စွဲပါ စာချုပ်အမှတ်၃၁/၂၀၀၆အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဒေါ်နန်းခင်မြမြဦး
၁၃/တကန(နိုင်) ၀၁၄၃၈၇
တောင်ကြီးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၁၀(အမ်)

မန်နေဂျာ ၁။ ဦးပုရှ်နာဘာဒူး
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဒေါ်ဘာစန်းသီဒေဝီ
မိုးကုတ်မြို့။
တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၄၆၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၄ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် နတ်တော်လပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိုးကုတ်မြို့ ရှောလီဝိုင်းအုပ်စု အကွက်အမှတ် (၁၈)၊ ရှောလီဝိုင်းတောင်ရပ်၊ ဦးပိုင်အမှတ် (၁၅၂)၊ ဧရိယာ ဝ ဒသမ ၀၃၂ ဧက ၎င်းမြေကွက်ပေါ်ရှိ (၂၄ × ၂၇ ½)ပေအမြင့် (၈+၁၀)ပေရှိ (၄ ½)လက်မ နံကပ်အောက်ခံပျဉ်ထောင်နှစ်ထပ်။

လေလံကြမ်းခင်းဈေး ကျပ် (၈၅) သိန်း
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

အာယုဒါနအလှူတော်

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန အလှူတော်အတွက် သဃ်န်းကျွန်း သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်းနေ ဒေါ်အေးတင့် (မုန့်ဟင်းခါးဆိုင်) မိသားစုက ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးခန်းအကျိုးတော်ဆောင် ဦးမြင့်သိန်းက လက်ခံယူစဉ်။ (က–ပ)

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အဏုမြူရောင်ခြည်ဖြင့် ရှာဖွေကုသရေးဌာနတွင် အသုံးပြုရန် မန္တလေးမြို့ အမှတ် ၂၄၂ လမ်း ၃၀၊ ၈၅ နှင့် ၈၆ ကြားနေ ပီကေပဲလှော်မျိုးစုံနှင့် ပဲမျိုးစုံရောင်းဝယ်ရေးအလှူရှင် ဒေါ်တုတ်တုတ်၊ သား ဦးကံတင်–ဒေါ်ဌေးဌေးမိသားစုက ငွေကျပ် ၁၀ သိန်းတန် လေအေးပေးစက်တစ်လုံးကို အောက်တိုဘာ ၁၄ ရက်က ပေးအပ်လှူဒါန်းရာ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဦးကြည်မြင့်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဩစတြီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ ဝု(ဖ်)ဂန်ရှူဆယ်(လ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံ–တရုတ်ထိပ်သီးအစည်းအဝေး တက်ရောက်မည်

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပမည့် အာဆီယံ–တရုတ်ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မကြာမီအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပရမည်
ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ
ပြည်သူ့ လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့်ဥပဒေကြမ်းကို
လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံစုံညီအစည်းအဝေးမှာ ဥပဒေပြုရေးအခန်းတွင် ပါဝင်မယ့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များနဲ့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ညီလာခံ ကိုယ်စားလှယ်အချို့တို့ တင်ပြသွားတဲ့ ဆွေးနွေးအကြံပြုချက်များကို ညီလာခံကိုယ်စားလှယ်များ အားလုံးကြားသိကြပြီး ဖြစ်ပါတယ်။ အဲဒီအကြံပြုချက်တွေအနက် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအတွင်းက ကောင်းမွန်သင့်မြတ်တဲ့ *စာမျက်နှာ ၆ ကော်လံ ၁* ●

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် အောက်တိုဘာ၂၅ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အောက်တိုဘာ ၂၆ ရက်(ယနေ့)**၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻